ကြေးမုံ
The Mirror Daily
Established in 1957

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 25 June 2020 ၂၀၀၅၄

အမြဲတည်ခြင်းသည် မရှိချေ

အရိုးစု ၃၀၀ တိုခြင့် ပွဲစည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဧရာဝဏ်(ဓမ္မပဒ-၁၄၇)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Victory Day of Great Patriotic War (၇၅)နှစ်မြောက် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇွန် ၂၄

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ကရင်မလင် နန်းတော် ရင်ပြင်နိုင်၌ ကျင်းပသည့် Victory Day of Great Patriotic War (၇၅) နှစ်မြောက် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါစစ်ရေးပြအခမ်းအနားသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အပါအဝင် လွတ်လပ်သောဓနသဟာယ အဖွဲ့ဝင်နိုင်ငံများ၏ အထွတ်အမြတ်ထားရာ အခမ်းအနားတစ်ခုဖြစ်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာ ပူတင်၊ ကာကွယ်ရေးဝန်ကြီး Army General Sergei Kuzhugetovich Shoigu၊ စစ်ဘက် အရပ်ဘက်မှ အကြီးအကဲများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ကြေးမုံ ယနေ့ ဖတ်စရာ

အမြင်ကျယ်ကမ္ဘာကြည့် စီးပွားရေးလုပ်ကိုင်

စာမျက်နှာ » ၂

မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်

စာမျက်နှာ » ၆

ချင်းပြည်နယ် ဆူရ်ဘုန်လေဆိပ်၌ တပ်ဆင်ထားသည့် တိုင်းတာရေးစက်များအား လေယာဉ်ပျံသန်း၍ စစ်ဆေးသွားမည်

စာမျက်နှာ » ၁၄

အခြေခံပညာကျောင်းများ ဇူလိုင် ၂၁ ရက်တွင် စတင်ဖွင့်လှစ်သွားရန် ပြင်ဆင်လျက်ရှိ

ရန်ကုန် ဇွန် ၂၄

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသကဲ့သို့ မကြာမီဖွင့်လှစ်တော့မည့် အခြေခံပညာကျောင်းများကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက အထက(၃)ဒဂုံ၌မြို့ကျောင်းသား ကျောင်းသူဟောင်းများအသင်းနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ၊ ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖

KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

အမြင်ကျယ်ကမ္ဘာကြည့် စီးပွားရေးလုပ်ကိုင်

မြန်မာနိုင်ငံ၏ စီးပွားရေးလောကကိုကြည့်လျှင် အများပြည်သူတို့သည် သမားရိုးကျ စီးပွားရေးလုပ်ငန်းများအား အများအားဖြင့် လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ကမ္ဘာကြီးသည် စဉ်ဆက်မပြတ် ပြောင်းလဲနေပြီး ယနေ့နှင့်မနက်ဖြန်သည်ပင် လုံးဝမတူ ကွဲပြားပေသည်။ ပြောင်းလဲနေသော ကမ္ဘာကြီးတွင် မိမိတို့အားလုံးလိုက်ပါစီးမျော ပြောင်းလဲလုပ်ကိုင်မှသာ တိုးတက်အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကိုဗစ်-၁၉ နှင့် ကုန်သွယ်ရေးကဏ္ဍအပေါ် သက်ရောက်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် လက်တွေ့အခြေအနေများကို ဇွန်လ ၂၃ ရက်နေ့က အပြန်အလှန်ဆွေးနွေးခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ယခုအခြေအနေတွင် စိန်ခေါ်မှုကြီးသည်နှင့်အမျှ စဉ်းစားစရာများလည်း များလာပါကြောင်း၊ လိုအပ်ချက်သည် တိထွင်ခြင်း၏ မိခင်ဖြစ်သည်ဆိုသည့် စကားအရ လိုအပ်လာသည့်အခါ ဆန်းသစ်တီထွင်နိုင်သည့် မိမိတို့ဦးနှောက်မှ ပို၍အလုပ်လုပ်လာပါကြောင်း၊ ဆန်းသစ်ရမည်၊ တီထွင်ရမည်၊ ရှိပြီးသား အရင်းအမြစ်များကို မည်သို့ပိုပြီး တန်ဖိုးရှိအောင် မိမိအတွက်၊ ကမ္ဘာအတွက်ပါ စဉ်းစားရမည်ဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားများ ကျန်းမာရေးနှင့် ကိုက်ညီအောင် လုံလောက်သည့် ရိက္ခာထုတ်လုပ်နိုင်သည့် အနေအထားရှိသည်။ မြန်မာနိုင်ငံသည် အခွင့်အရေးနှင့် အားသာချက်များစွာရှိသလို စိန်ခေါ်မှုများစွာလည်းရှိသည်။ ယင်းကို သေချာစွာလေ့လာသုံးသပ်၍ ထုတ်ကုန်ပစ္စည်းများကို အဆင့်မြှင့်တင်တီထွင်ထုတ်လုပ်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းစားသုံးကုန်ဖူလုံသော်လည်း စီးပွားဖွံ့ဖြိုးရေးအတွက် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရေးကို အလေးထားဆောင်ရွက်နေရသည်။ ထို့ကြောင့် မိရိုးဖလာ လုပ်ကိုင်ဆောင်ရွက်ရုံ၊ ပြည်ပစျေးကွက်တစ်ခု၊ နှစ်ခု ရှိရုံမျှဖြင့် အားကိုး၍ ရမည်မဟုတ်ပေ။ မိမိတို့ထုတ်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို တန်ဖိုးများလည်း မြှင့်တင်၊ စျေးကွက်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့်မြှင့်တင် ဖွင့်လှစ်ဆောင်ရွက်သွားရမည်ဖြစ်သည်။

ကူးသန်းရောင်းဝယ်ခြင်းဆိုသည်မှာ စတင်စိုက်ပျိုးထုတ်လုပ်သည်မှ အစ သယ်ယူပို့ဆောင်ရောင်းဝယ်ခြင်းအလယ် စားသုံးသူများလက်ဝယ် အဆုံး စသည့်ကွင်းဆက်တစ်ခုလုံး လွှမ်းခြုံပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးထွက်ကုန်များကို တရုတ်နိုင်ငံအား အဓိကအားထားရောင်းဝယ်ဖောက်ကားရသည်။ ကိုဗစ်-၁၉ ဖြစ်ပွားသာမက ကိုဗစ်-၁၉ မဖြစ်ခဏတည်းက စျေးကွက်တစ်ခုတည်းကိုသာ အားကိုးနေရသဖြင့် အရောင်းအဝယ်ဘက်တွင် စိန်ခေါ်မှုအခက်အခဲများရှိနေခဲ့သည်။ တရုတ်နိုင်ငံနယ်စပ် အရောင်းအဝယ် တုံ့ဆိုင်းသွားသောအခါ ထိုင်းနိုင်ငံဘက်သို့ လှည့်ရောင်းရသဖြင့် အနည်းငယ်သက်သာရသည်။

စိုက်ပျိုးရေးထုတ်ကုန်ဘက်တွင် ရေရှည်နစ်နာမှုများရှိလာသည်မှာ စျေးကွက်ချဲ့ထွင်နိုင်မည့် ဆန်းသစ်တီထွင်မှုများအားနည်းပြီး မိရိုးဖလာ လုပ်ကိုင်ဆောင်ရွက်မှုများကြောင့်ဟု ဆိုချင်သည်။ မိရိုးဖလာလုပ်ငန်းမှ တဖြည်းဖြည်း ခေတ်နှင့်အညီ လိုက်လျောညီစွာရှိရန်၊ စီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန်နှင့် လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် လောလောဆယ်တွင် အခက်အခဲများရှိနေမည်ဖြစ်သော်လည်း နောင်အရှည်တွင် လုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်လာခြင်းအားဖြင့် ကူးသန်းရောင်းဝယ်မှု စျေးကွက်တစ်ခုလုံးကိုလွှမ်းခြုံနိုင်ကာ Supply Chain တိုးတက်မှုကို များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

ထို့ကြောင့် ထုတ်ကုန်ပစ္စည်းများကိုထုတ်လုပ်ရာတွင် မိမိနိုင်ငံ စျေးကွက်အပြင် ပြည်ပစျေးကွက်များတွင်လည်း စျေးကွက်ဝင်အောင် မည်သည့်ထွက်ကုန်ပစ္စည်းများ စျေးကွက်ကောင်းသည်ကို ဦးတည်ရမည်ဖြစ်သည်။ ယခုအချိန် ကိုဗစ်-၁၉ ကို ရင်ဆိုင်နေရသောကာလတွင် စျေးကွက်ခိုင်မိုင်မာမာရရှိထားနိုင်ရန် အခွင့်အရေးများ ရှိနေသောအခါ၌ မိမိတို့၏ ထုတ်ကုန်များကို တီထွင်ဆန်းသစ် ပြောင်းလဲအဆင့်မြှင့်တင် ထုတ်လုပ်ခြင်းဖြင့် စျေးကွက်ဝေစုကို ကျယ်ကျယ်ပြန့်ပြန့် ရယူထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်နှံ့ကြားသည့် အတိုင်း မြန်မာနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများကို ဆန်းသစ်ရမည်၊ တီထွင်ရမည်၊ ရှိပြီးသားအရင်းအမြစ်များကို မည်သို့ပိုပြီး တန်ဖိုးရှိအောင် မိမိတို့အတွက်၊ ကမ္ဘာနိုင်ငံများအတွက်ပါ ထည့်သွင်းစဉ်းစား၍ ပြောင်းလဲဖြင့်တင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွား၊ နိုင်ငံတော်၏ ဘဝ်ကျက်ဝင်ငွေတိုးပွားအောင် အစဉ်ကြိုးစား အားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

အာဆီယံခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးများ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၂၄

(၉) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူ ပါဝင်ရေးကော်မတီ အစည်းအဝေးကို မလေးရှားနိုင်ငံမှ ဥက္ကဋ္ဌ၊ လာဆိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပူးတွဲဒုတိယဥက္ကဋ္ဌများအဖြစ် ကြီးမှူး ၍ ဇွန် ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် လည်းကောင်း၊ (၉) ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်းအရင်းအမြစ်များ ကြီးကြပ်အကဲဖြတ်ခြင်း ကော်မတီအစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံမှ ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံမှ ဒုတိယဥက္ကဋ္ဌအဖြစ် ကြီးမှူး၍ ဇွန် ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် လည်းကောင်း Video Conferencing ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ခေါင်းဆောင်များ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အာဆီယံ အထွေထွေအတွင်းရေးမှူး ချုပ်ရုံးမှ ကိုယ်စားလှယ်များ ပါဝင် တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးများမှ အာဆီယံ ခရီးသွားလုပ်ငန်း မဟာဗျူဟာအား ကာလရှည် ပြန်လည် ဆန်းစစ်မှုများ ဆောင်ရွက်ခြင်းနှင့် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာမှုများကို ပြန်လည်ကုစား နိုင်မည့် ရွေ့လျင်းနိုင်းစဉ်များ ချမှတ် ရာတွင် ကော်မတီအလိုက် ဆောင်ရွက် သွားမည့် လုပ်ငန်းများအားလုံးနှင့် ကာမိစေရေး အဖွဲ့ဝင်နိုင်ငံများ၏ အကြံပြုချက်များကို Survey ကောက်ယူသွားရေး ညှိနှိုင်းဆွေးနွေး ခြင်းနှင့် အစီရင်ခံစာကို အာဆီယံ ခရီးသွားလုပ်ငန်းဗဟိုရုံးတွင် ထုတ်ပြန် ရေး Timeframe အဆိုပြုတင်ပြချက် အပေါ် အတည်ပြုခြင်း၊ ကိုဗစ်-၁၉ နှင့်စပ်လျဉ်း၍ အာဆီယံအတွက် နည်းပညာနှင့်လိုအပ်သည့် အကူအညီ များ ပြင်ပအဖွဲ့အစည်းများမှ ရယူရေး ညှိနှိုင်းထားရှိမှု အခြေအနေအား အာဆီယံ အထွေထွေအတွင်းရေးမှူး ချုပ်ရုံးမှ တင်ပြအစီရင်ခံခြင်းများကို ဆွေးနွေးညှိနှိုင်းခြင်း၊ ၂၀၂၀ ပြည့်နှစ် အတွင်း အဖွဲ့ဝင်နိုင်ငံအလိုက် ဆောင် ရွက်ရန် လျာထားသည့် အာဆီယံ ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်းစီမံ ချက်များအပေါ် ဆောင်ရွက်နိုင်မှု ရှိ/ မရှိ စီစစ်သုံးသပ်ခြင်း၊ ၂၀၂၁ ခုနှစ် အတွင်း ဆောင်ရွက်လိုသော လုပ်ငန်း စီမံချက်များကို စီစစ်အကဲဖြတ်ခြင်း၊ အာဆီယံ ခရီးသွားလုပ်ငန်းရန်ပုံငွေသို့ အဖွဲ့ဝင်နိုင်ငံများမှ ထည့်ဝင်ထားသော ထည့်ဝင်ငွေများအနက် သုံးစွဲမှုအခြေ အနေနှင့် လက်ကျန်ရန်ပုံငွေ အခြေ အနေများ တင်ပြအစီရင်ခံမှု အခြေ အနေများကို ဆွေးနွေးအတည်ပြုခဲ့ ကြသည်။

ထို့ပြင် ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၉ ရက်က ကျင်းပခဲ့သည့် အာဆီယံ ခရီး သွားလုပ်ငန်း ဝန်ကြီးများ၏ Video Conference အထူးအစည်းအဝေးမှ အတည်ပြုခဲ့သော ကိုဗစ်-၁၉ ကြောင့် အာဆီယံခရီးသွားလုပ်ငန်းများအပေါ် ထိခိုက်နစ်နာမှု အခြေအနေများနှင့် သက်သာလျော့ပါးရေးအတွက် ပံ့ပိုး ကူညီမှုဆိုင်ရာ အစီရင်ခံစာကို လက်ရှိ အခြေအနေများနှင့်အညီ ပြန်လည် ပြင်ဆင်ထုတ်ပြန်ရေးနှင့် အဖွဲ့ဝင် နိုင်ငံအလိုက် နောက်ဆုံးအခြေအနေ များကို ပြုစုပေးပို့ရေးအဆိုပြုချက်ကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အဆိုပါ အစည်းအဝေးများကို ဟိုတယ်နှင့် ခရီးသွားဥာဏ်ကြားမှု ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ချုပ်၊ ဌာနတာဝန်ခံ ညွှန်ကြားရေးမှူး နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက် ခဲ့ကြပြီး အစည်းအဝေးအစီအစဉ် အလိုက် မြန်မာနိုင်ငံမှ ဆောင်ရွက်နေမှု အခြေအနေများကို ပါဝင်ဆွေးနွေး သည်။

ဆက်လက်၍ အဆိုပါကော်မတီ အစည်းအဝေးများကို ကိုဗစ်-၁၉ အခြေအနေပေါ်မူတည်၍ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလဆန်းတွင် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၄-၆-၂၀၂၀)

ကုမ္ပဏီအမည်	အဝင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ ဝယ်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၁,၀၀၀	၁၁,၀၀၀	၁၁၈	၁,၂၄၇,၀၀၀
MTSH	၃,၉၀၀	၃,၉၀၀	၆,၄၃၀	၂၅,၀၀၇,၀၀၀

MCB	၈,၂၀၀	၈,၂၀၀	၁	၈,၂၀၀
FPB	၂၂,၅၀၀	၂၂,၅၀၀	၁,၂၉၅	၂၉,၁၁၂,၅၀၀
TMH	၂,၇၅၀	၂,၇၅၀	၄,၈၀၀	၁၃,၂၀၀,၀၀၀
EFR	၂,၇၀၀	၂,၇၀၀	၅၆၉	၁,၅၁၁,၃၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၂၄

ရန်ကုန်(ရွှေဈေး) ၁၂၉၀၀၀		မန္တလေး(ရွှေဈေး) ၁၂၉၀၀၀
စက်သုံးဆီအမျိုးအစား	**ရန်ကုန်**	**မန္တလေး**
(က) အဆင့်မြင့်ဒီဇယ်	တစ်လီတာ ၅၅၀/၆၀၀ ကျပ်	၅၈၀/၅၉၅ ကျပ်
(ခ) ဒီဇယ်	တစ်လီတာ ၅၄၀/၅၉၀ ကျပ်	၅၆၅/၅၈၀ ကျပ်
(ဂ) အောက်တိန်း ၉၅	တစ်လီတာ ၆၀၀/၆၃၀ ကျပ်	၆၆၅/၆၈၀ ကျပ်
(ဃ) အောက်တိန်း ၉၂	တစ်လီတာ ၄၇၀/၅၃၀ ကျပ်	၅၄၀/၅၅၅ ကျပ်
ရန်ကုန် လက်ကားဈေး		
ဒီဇယ်	တစ်လီတာ ၄၉၀/၅၀၀ ကျပ်	
အဆင့်မြင့်ဒီဇယ်	တစ်လီတာ ၅၀၀/၅၁၀ ကျပ်	
အောက်တိန်း ၉၂	တစ်လီတာ ၄၇၀/၄၈၅ ကျပ်	

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း		မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ =	၁၃၉၁.၄
(ခ) ဥရောပ	တစ်ယူရို =	၁၅၇၂.၄
(ဂ) တရုတ်	တစ်ယွမ် =	၁၉၆.၇၁
(ဃ) ထိုင်း	တစ်ဘတ် =	၄၅.၁၃၉
(င) မလေးရှား	တစ်ရင်းဂစ် =	၃၂၅.၄၄
(စ) အိန္ဒိယ	တစ်ရူပီး =	၁၈.၃၉၆
(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ =	၉၆၂.၈၀
(ဇ) စင်ကာပူ	တစ်ဒေါ်လာ =	၁၀၀၁.၉
(ဈ) ဂျပန်	တစ်ရာငန်း =	၁၃၀၆.၂
(ည) တောင်ကိုရီးယား	တစ်ရာဝမ် =	၁၁၅.၇၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ဒီကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာဖြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
သတင်းထောက်များ
အငယ်တန်း
သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မိုမိုအောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၄၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု တည်တံ့ခိုင်မြဲရေး ဂုဏ်ထူးဆောင်တံဆိပ် ပေးအပ်ချီးမြှင့်

နေပြည်တော် ဇွန် ၂၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Victory Day of Great Patriotic War (၇၅) နှစ်မြောက် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander V.Fomin အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနတွင် သွားရောက်တွေ့ဆုံဆွေးနွေးသည်။

အပြန်အလှန် ဆွေးနွေး

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေးနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်အောင် ဆက်လက်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် Army Game ပြိုင်ပွဲများတွင် မြန်မာ့တပ်မတော်မှ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ယခုနှစ်တွင်လည်း ပါဝင်ယှဉ်ပြိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သည့် **စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု တည်တံ့ခိုင်မြဲရေး** ဂုဏ်ထူးဆောင်တံဆိပ်အား လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်အဆင့် စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေး FSMTC မှ ဒုတိယဥက္ကဋ္ဌ ကြီးကြီးရေးမှူး Vladimir Drozhzhov က ဥက္ကဋ္ဌကြီးရေးမှူးချုပ်က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ထူးဆောင်တံဆိပ်အား လည်းကောင်း ချီးမြှင့်တပ်ဆင်ဂုဏ်ပြုရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လက်ခံရယူသည်။

ယမန်နေ့ မွန်းလွဲပိုင်းတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မော်စကိုမြို့ အတွင်း ဝင်ရောက်၍ ဒုတိယကမ္ဘာစစ်ဖြစ်ပွားစဉ်ကာလအတွင်း အသုံးပြုခဲ့သည့် လက်နက်၊ ခဲယမ်း၊ ချပ်ဝတ်တန်ဆာနှင့် အသုံးအဆောင်ပစ္စည်းများ၊ ဆေးတပ်ဖွဲ့ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ ဆက်သွယ်ရေးအသုံးအဆောင်ပစ္စည်းများနှင့် စစ်ပွဲကျောင်းတော်ကြီးအနီးရှိ ပြတိုက်အတွင်း ဝင်ရောက်၍ ဒုတိယကမ္ဘာစစ်ဖြစ်ပွားစဉ်ကာလအတွင်း အသုံးပြုခဲ့သည့် လက်နက်၊ ခဲယမ်း၊ ချပ်ဝတ်တန်ဆာနှင့် အသုံးအဆောင်ပစ္စည်းများ၊ ဆေးတပ်ဖွဲ့ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ ဆက်သွယ်ရေးအသုံးအဆောင်ပစ္စည်းများနှင့် စစ်ပွဲများအကြောင်းကို Program များဖြင့် ပြုလုပ်ပြသထားမှုများကို လေ့လာကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander V.Fomin ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။ ဓာတ်ပုံ–တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

❍ ရှေ့ဖိုမှ

သမ္မတများ၊ နိုင်ငံပေါင်း ၁၇ နိုင်ငံမှ တပ်မတော်အကြီးအကဲများ၊ ကာကွယ်ရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြပြီး ပွဲကြည့်စင်နှင့် နေရာထိုင်ခင်းများအား Social Distancing Rules များအတိုင်း နေရာယူကြသည်။

မိန့်ခွန်းပြောကြား

ရှေးဦးစွာ စစ်ရေးပြအခမ်းအနားခွဲ ပါဝင်ချီတက်ကြမည့် လူဦးရေ ၁၄၀၀၀ ခန့်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်း၊ တပ်ခွဲများက စစ်ရေးပြကျင်းပမည့်နေရာသို့ ရောက်ရှိနေရာယူကြပြီးနောက် ကာကွယ်ရေးဝန်ကြီး Army General Sergei Kuzhugetovich Shoigu က တပ်ခွဲစစ်ကြောင်းများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်ထံသို့ အလေးပြုတန်းအပ်ပြီးနောက် သမ္မတက မိန့်ခွန်းပြောကြားသည်။

ယင်းနောက် စစ်ရေးပြအစီအစဉ်အတိုင်း စစ်ရေးပြမှူး ရုရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ် Colonel General Oleg Solyukov ဦးဆောင်၍ စစ်ကြောင်းတပ်ခွဲများ၊ ယာဉ်ယန္တရားတပ်ခွဲများ၊ စစ်ဘီးဝိုင်းတပ်ခွဲများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီး ရုရှားတပ်မတော်လေမှ လေယာဉ်၊ ရဟတ်ယာဉ်များကလည်း လေယာဉ်ကျမ်းကျင်မှုအလှုပြများဖြင့် ပျံသန်းအလေးပြုကြသည်။ အဆိုပါ စစ်ရေးပြစစ်ကြောင်း၊ တပ်ခွဲများ၌ ပြည်ပနိုင်ငံ ၁၃ နိုင်ငံမှ တပ်ဖွဲ့ဝင် ၁၄၀၀ ဦးခန့်သည်လည်း စစ်ရေးပြတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတသည် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားခဲ့ပြီး Victory Day of Great Patriotic War (၇၅)နှစ်မြောက် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို အောင်မြင်စွာ ရှုပ်သိမ်းခဲ့သည်။

မျိုးချစ်စိတ်ရှင်သန်တက်ကြွစေရန်

၁၉၃၉ ခုနှစ်မှ စတင်ခဲ့သော ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားပြီးနောက် ၁၉၄၅ ခုနှစ် မေ ၈ ရက်တွင် နာဇီတို့သည် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ မဟာမိတ်တပ်များနှင့် ဆိုဗီယက်ပြည်ထောင်စုထံ စစ်ရှုံးကြောင်း အညံ့ခံလက်မှတ်ရေးထိုးခဲ့ကြောင်း၊ အချိန်ကွာခြားချက်အရ လက်မှတ်ရေးထိုးသည့်နေ့သည် မော်စကိုတွင် မေ ၉ ရက်သို့ ရောက်ရှိနေပြီဖြစ်သောကြောင့် ထိုနေ့ကို အခွဲပြု၍ ဆိုဗီယက်ပြည်ထောင်စုတွင် Victory Day အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ယခုနှစ် မေ ၉ ရက်တွင် ပြည့်မြောက်သည့် (၇၄) နှစ်မြောက် Victory Day ကို ကမ္ဘာ့ကပ်ရောဂါ COVID-19 ဖြစ်ပွားမှုကြောင့် ရွှေ့ဆိုင်းခဲ့ပြီး ယခုအခါတွင် အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီဖြစ်၍ ၁၉၄၅ ခုနှစ်တွင် ပထမဦးဆုံး Victory Day ကျင်းပခဲ့သည့် ဇွန် ၂၄ ရက်ကို ဂုဏ်ပြုသောအားဖြင့် ယနေ့တွင် ယခုကဲ့သို့ ပြန်လည်ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ Victory Day of Great Patriotic War အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားများကို ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စစ်မှုထမ်းများ၊ နိုင်ငံသားများ မျိုးချစ်စိတ်ဓာတ် ရှင်သန်တက်ကြွစေရန် ရုရှားနိုင်ငံရှိ မြို့အသီးသီးတွင်လည်း ခမ်းနားကြီးကျယ်စွာ ကျင်းပပြုလုပ်လေ့ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး Mr. Manjurul Karim Khan Chowdhury အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ခေါ်ယူတွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များနှင့် နေရပ်စွန့်ခွာသူများကိစ္စရပ်နှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား ရရှိထားသည့် သဘောတူညီချက်များ အကောင်အထည်ဖော်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အမြဲတမ်းအတွင်းဝန်က နေရပ်စွန့်ခွာသူများကိစ္စနှင့် ပတ်သက်၍ နှစ်နိုင်ငံအကြားရရှိခဲ့သည့် သဘောတူညီချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နှစ်နိုင်ငံအကြား ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးကို ကိုဗစ်–၁၉ ကူးစက်ရောဂါ ထိန်းချုပ်နိုင်မှုအခြေအနေများ ကောင်းမွန်လာသည့်အချိန်တွင် ကျင်းပရန် နှစ်ဖက်ညှိနှိုင်းသွားမည်ဖြစ်ကြောင်း စသည်ဖြင့် အသိပေးပြောကြားခဲ့သည်။

ထို့ပြင် အမြဲတမ်းအတွင်းဝန်နှင့်သံအမတ်ကြီးတို့သည် နှစ်နိုင်ငံ နယ်စပ်ရေးရာကိစ္စရပ်များနှင့်ပတ်သက်၍လည်း ဆွေးနွေးပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

OECD ၏ ဒုတိယအကြိမ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မူဝါဒသုံးသပ်ချက်နှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၄
OECD ၏ ဒုတိယအကြိမ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မူဝါဒသုံးသပ်ချက်နှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယမန်နေ့ည နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ၌ Video Conference ဖြင့် ပြုလုပ်သည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ခိုင်မာကောင်းမွန်လာစေမည်

ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါများကို ပြန်လည်သုံးသပ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖော်ဆောင်ပေးနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် အရေးကြီးပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်လျော့နည်းစေရေးနှင့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုပိုမိုခိုင်မာစေရေးအတွက် ပွင့်လင်းမြင်သာမှုရှိပြီး ရှင်းလင်းလွယ်ကူသည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းတစ်ရပ်ကို ဖော်ဆောင်ပေးလျက် ရှိပါကြောင်း၊ ပထမအကြိမ် ရင်းနှီးမြှုပ်နှံမှု သုံးသပ်ချက်များ ပြုလုပ်ခဲ့သည် အချိန်မှစ၍ မြန်မာနိုင်ငံအစိုးရအနေဖြင့် OECD နှင့် ပူးပေါင်းဆောင်ရွက်မှုများ သိသိသာသာ တိုးမြှင့်လုပ်ဆောင်ခဲ့ပါကြောင်း၊ ယခု ဒုတိယအကြိမ် သုံးသပ်မှု ဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာကောင်းမွန်လာစေမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် OECD Investment Committee ဥက္ကဋ္ဌ Mr. Manfred Schekulin နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အဖြတမ်းအတွင်းဝန်ဦးအောင်စိုင်ဦးတို့က မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ပြုပြင်ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

၂၀၁၄ ခုနှစ်တွင် OECD ၏ ပထမအကြိမ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမူဝါဒသုံးသပ်ချက် ထုတ်ပြန်ခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်အဖြစ် သုံးသပ်ဆောင်ရွက်ခြင်းဖြစ်သည်။ သုံးသပ်ချက်များသည် ရင်းနှီးမြှုပ်နှံမှုဖြင့်တင်ခြင်းနှင့် လွယ်ကူချောမွေ့စေရေး၊ ဘဏ္ဍာရေးကဏ္ဍ၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်ခြင်းနှင့် အခြေခံအဆောက်အအုံစသည့် နယ်ပယ် ၁၀ ခုအပေါ်တွင် အခြေခံသုံးသပ်ခြင်းဖြစ်သည်။

ပထမအကြိမ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မူဝါဒ သုံးသပ်ချက်၏ ရလဒ်အဖြစ် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်အတွက် အရေးကြီးသော ဥပဒေနှစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေတို့ကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ ယခု OECD ၏ ဒုတိယအကြိမ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒ သုံးသပ်ချက်မူကြမ်းတွင် ရင်းနှီးမြှုပ်နှံမှု မူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး၊ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုကိုမြှင့်တင်ခြင်းနှင့် လုပ်သာကိုင်သာရှိအောင် ဆောင်ရွက်ခြင်း၊ အခြေခံအဆောက်အအုံချိတ်ဆက်မှု၊ စီမံလန်းသောဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မူဘောင်၊ စီးပွားရေးဇုန်များကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း၊ အာမခံချက်ရှိပြီး ရှင်းလင်းကောင်းမွန်သော မြေအသုံးချခွင့်ကို မြှင့်တင်ဆောင်ရွက်ခြင်း စသည့် နယ်ပယ် ခုနစ်ခုကို အခြေခံ၍ သုံးသပ်ထားကြောင်း သိရသည်။

သတင်းစဉ်

ပြည်ပအကူအညီရငွေများနှင့် ချေးငွေများရရှိမှု၊ သုံးစွဲမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၄
ပြည်ပအကူအညီရငွေများနှင့် ချေးငွေများရရှိမှု၊ သုံးစွဲမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ခိုင်က ဝန်ကြီးဌာနမှရရှိထားပြီးနှင့် ရရှိရန်ရှိသည့် ပြည်ပအကူအညီရငွေများနှင့် ချေးငွေများနှင့်ပတ်သက်၍ အကျဉ်းချုပ်ခြုံငုံတင်ပြပြီး ကမ္ဘာ့ဘဏ် (World Bank) မှ အကူအညီငွေ အမေရိကန်ဒေါ်လာ ၁၈ သန်းနှင့် ချေးငွေ သန်း ၁၅၀၊ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ် (The Asian Development Bank – ADB) မှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၀၊ ဂျပန်နိုင်ငံအစိုးရမှ အကူအညီငွေ အမေရိကန်ဒေါ်လာ ၂၄ သန်းခန့်၊ French Development Agency (AFD)မှ အကူအညီငွေ ယူရိုငွေ ၁၊သန်းနှင့် ချေးငွေ ယူရိုငွေ ၂၂ သန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အပြန်အလှန်ဆွေးနွေး

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) ဒေါ်အေးအေးစိန်က ကမ္ဘာ့ဘဏ်ချေးငွေဖြင့် မရှိမဖြစ်လိုအပ်သော ကျန်းမာရေး ဝန်ဆောင်မှုများ လက်လှမ်းမီရရှိရေး စီမံချက်လုပ်ငန်း ဆောင်ရွက်မှုနှင့် ပတ်သက်၍လည်းကောင်း၊ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသီတာလှက ကမ္ဘာ့ဘဏ်မှ ချေးငွေအား မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ အရေးပေါ်တုံ့ပြန်ရေးစီမံချက်လုပ်ငန်းများတွင် ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆေးရုံကြီးများ၌ အထူးကြပ်မတ်ကုသဌာန မြှင့်တင်ခြင်း ကိစ္စရပ်များ၌ အသုံးချဆောင်ရွက်သွားမည်နှင့်ပတ်သက်၍ လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက် ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာဉာဏ်ဝင်းမြင့်က အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်ချေးငွေဖြင့် မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးလုံခြုံမှုဆိုင်ရာစီမံချက် လုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ နယ်စပ်များ၌ ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ်ရေး၊ ရောဂါစောင့်ကြပ် ကြည့်ရှုခြင်းနှင့် တုံ့ပြန်ခြင်း၊ ဓာတ်ခွဲခန်းဖွံ့ဖြိုးတိုးတက်မှုနှင့် ဆေးရုံများတွင် ရောဂါကူးစက်မှုလျော့ချခြင်းရေး လုပ်ငန်းကိစ္စများကို လည်းကောင်း ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြကာ ဝန်ကြီးဌာန၏ ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများက ပြည်ပအကူအညီရငွေများနှင့် ချေးငွေများ ရရှိမှု၊ သုံးစွဲမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်း များနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ရှင်းလင်းတင်ပြမှုနှင့် ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖြင့်ထွေးက ယခုကဲ့သို့ ဝန်ကြီးဌာန၏ ပြည်ပအကူအညီရငွေများနှင့် ချေးငွေများ ရရှိမှု၊ သုံးစွဲမှု၊ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်လုပ်ဆောင်မည့် အစီအစဉ်များကို ရှင်းလင်းဝေမျှ ခြင်းဖြင့် လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သူများအားလုံး သိရှိ နိုင်ကာ လုပ်ငန်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများ ထိရောက်၍ ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ပြည်ပ အကူအညီရငွေများနှင့် ချေးငွေများရရှိမှု၊ သုံးစွဲမှုအခြေအနေ များနှင့် လုပ်ငန်းဆောင်ရွက်မှုဆောင်ရွက်ရာတွင် အလေ အလွင့် အနည်းဆုံးဖြစ်စေရေးနှင့် ဆောင်ရွက်ချက်များ ထိရောက်မှု အားကောင်းစေရေးကြောင်းရန် ဗဟိုအဆင့် အဆင့်ဖြင့် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ စီမံချက်လုပ်ငန်းအကောင်အထည်ဖော်မှုအဖွဲ့ နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လုပ်ငန်း ထိရောက်မှုရှိ မရှိဆန်းစစ်မှုများကို အဖြတမ်းသုံးသပ်နေ မည့် စောင့်ကြည့်ဆန်းစစ်မှုအဖွဲ့တို့အားလည်း မွမ်းမံဖွဲ့စည်း ထားရှိဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဤစောင့်ကြည့် ဆန်းစစ်မှုအဖွဲ့အနေဖြင့် ဝန်ကြီးဌာနထံသို့ အကြပ်ပြုချက် များ အချိန်နှင့်တစ်ပြေးညီ ပံ့မှန်တင်ပြရမည်ဖြစ်ပါကြောင်း။

စီမံချက်လုပ်ငန်း အကောင်အထည်ဖော်မှုအဖွဲ့တွင် ရာထူးကြီး ငယ်မရွေး ဝန်ကြီးဌာနအတွင်းရှိ လက်ထောက် ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများ စသည်တို့ကို ထည့်သွင်း ပါဝင်ဆောင်ရွက်စေရမည်ဖြစ်ပါကြောင်း၊ မိမိတို့ အားလုံးသည် ဤချေးငွေများမှာ နိုင်ငံတော်မှ ပြန်လည် ပေးဆပ်ရမည်ဖြစ်သည်ဆိုသည့်အချက်ကို သိရှိရန်လိုအပ် ပြီး သုံးစွဲသည့်ငွေပမာဏနှင့် ထိုက်တန်သော အကျိုးရရှိ စေရေးကို နေ့ကိန်းဝတ်ထား၍ လုပ်ငန်းများဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပြည်ပအကူအညီရငွေများနှင့် ချေးငွေများ ဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆန်းစစ်မှု စာရင်းများ အသုံးပြုဆန်းစစ်ကာ ကွန်ပျူတာစနစ်ဖြင့် မှတ်တမ်းတင်၍ စောင့်ကြပ်ကြည့်ရှုမှုနှင့် ဆန်းစစ်သုံးသပ်မှု လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်သွားစေလိုပါကြောင်း၊ လုပ်ငန်းဆောင်ရွက်စဉ်ကာလ တစ်လျှောက်တွင်လည်း တာဝန်ရှိသူများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံ အုပ်ကြီးများ၊ မြို့နယ်ဆရာဝန်များနှင့် Video Conferencing ဖြင့် ဆွေးနွေးညှိနှိုင်းရမည်ဖြစ်ပါကြောင်း။

အကူအညီပေးငွေနှင့် ချေးငွေတို့ကို အသုံးပြု၍ ကူးစက်ရောဂါများကို နှိမ်နင်းရန် တုံ့ပြန်ဆောင်ရွက်ရေး အဖွဲ့များအား လေ့ကျင့်သင်ကြားသည့် အစီအစဉ်သည် ကောင်းမွန်ပါကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ လက်တွေ့မြေပြင်အတွေ့အကြုံမြင့်မားသူများအား ပြည်သူ့ ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) နှင့် အခြေခံကျန်းမာရေး တက္ကသိုလ် (မကွေး)တို့တွင် လက်တွေ့ပြည်သူ့ကျန်းမာရေး လုပ်ငန်းများ သင်ကြားရာ၌ ပါဝင်ဆောင်ရွက်စေရမည်ဖြစ် ပါကြောင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ကွင်းဆင်း ဆောင်ရွက်ခြင်း ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများတွင် အသုံးပြုသော ကျွမ်းကျင်မှုဆိုင်ရာ စာအုပ်စာတမ်းများနှင့် နောက်ခံသင်ခန်းစာများကို ပြည်သူ့ကျန်းမာရေးလုပ်ငန်း ဆိုင်ရာ နောက်ဆုံးတွေ့ရှိချက်များအပေါ် အခြေခံမွမ်းမံကာ ပြုစုကြစေလိုပါကြောင်း။ ထိုသို့ ဆောင်ရွက်ရာတွင် အငြိမ်စားပညာရှင်ကြီးများထံမှ အကြံပြုချက်များ ရယူ ဆောင်ရွက်စေလိုပါကြောင်း။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အပါအဝင် အဖွဲ့အစည်းအသီးသီးမှ ရရှိရန်ရှိသော ရန်ပုံငွေ များကိုလည်း အဖြန်ဆုံးရရှိစေရေး ဆောင်ရွက်ကြစေလိုပါ ကြောင်း၊ ပြည်ပအကူအညီရငွေများနှင့် ချေးငွေများကို အသုံးပြု၍ ဝန်ကြီးဌာနမှ အချိုးမျှသော ဝန်ထမ်းများ အတွက် စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက် စေလိုပါကြောင်း၊ ဝန်ထမ်းများ စွမ်းဆောင်ရည် ပိုမိုမြင့်မား လာခြင်းဖြင့် ဝန်ကြီးဌာနအတွက် ရေရှည်ကာလတွင် အကျိုးရှိစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြေလးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူ များက ဆွေးနွေးအကြံပြုကြကြောင်း သိရသည်။

သတင်းစဉ်

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်း ဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်/ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်စွေး များတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ် ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြု ရန်နှင့် ငှားရွက်ခဲ့ ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့်အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ် ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာ နိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစုံးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး၊ အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီအစည်းအဝေးနှင့် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီအစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် ၉နိ် ၂၄

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် Video Conferencing ဖြင့် ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးနှင့် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အစည်းအဝေးများသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးများသို့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

အမြင်ချင်းဖလှယ်

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးတွင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွင် ပြင်ပနိုင်ငံများက ပါဝင်လက်မှတ်ရေးထိုးမည့် ကိစ္စရပ်များအပြင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ လူသားချင်းစာနာမှု အကူအညီပေးရေး၊ ရေရှည်ဖွံ့ဖြိုးရေးနှင့် နေရပ်စွန့်ခွာသူများ ပြန်လည် လက်ခံရေးလုပ်ငန်းစဉ်အား အထောက်အကူပြုစေရေးတို့အတွက် မြန်မာနိုင်ငံနှင့် အာဆီယံတို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်တို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားလာမှု၊ ဒေသတွင်း၌ အင်အားကြီးနိုင်ငံများအကြား ပြိုင်ဆိုင်မှု၊ တင်းမာမှုနှင့် အငြင်းပွားမှုများ မြင့်တက်လာခြင်းတို့က ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လျက်ရှိပြီး အာဆီယံအနေဖြင့် ပိုမိုကြီးမားသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်လာရဖွယ်ရှိကြောင်း၊ သို့ဖြစ်၍ ယခုအချိန်တွင် အာဆီယံ၏ စည်းလုံးညီညွတ်မှု၊ အချက်အချာကျမှုနှင့် ပြောင်းလဲနေသည့် ဒေသတွင်းဗိသုကာပုံစံတွင် အဓိကမောင်းနှင်အားအဖြစ် ပါဝင်မှုတို့မှာ ပိုမိုအရေးကြီးလာကြောင်း၊ တင်းမာမှုများ လျော့ပါးသက်သာစေရေးအတွက် အာဆီယံအနေဖြင့် ၎င်း၏ယန္တရားများ အထူးသဖြင့် အာဆီယံဒေသဆိုင်ရာ ဖိုရမ်နှင့် အရှေ့အာရှထိပ်သီးအစည်း အဝေးတို့မှတစ်ဆင့် ပိုမိုအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သင့်ကြောင်း၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်နှင့် အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏ သဘောထားအခြေခံတို့တွင် ပါဝင်သည့် မူ(principle) များကို အာဆီယံအနေဖြင့် ဆက်လက်တိုးမြှင့်ဖော်ဆောင်သွားသင့်ကြောင်း ဆွေးနွေးပြောကြားသည်။

အသိပေးဆွေးနွေး

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဝင်ရောက်လာသူများအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးရာတွင် အစိုးရ၏ကြိုးပမ်းဆောင်ရွက်ချက်များ၊ နှစ်နိုင်ငံသဘော တူညီချက်နှင့်အညီ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို စတင်နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံအကြား ဆွေးနွေးညှိနှိုင်း လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံဘက်မှ စိစစ်အတည်ပြုပြီးဖြစ်သည့် နေရပ်စွန့်ခွာသူများစာရင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပေးပို့ထားသည့် အခြေအနေများ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အာဆီယံနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များကို လေ့လာသည့် ပဏာမဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် မြန်မာနှင့်အာဆီယံအကြား ပူးပေါင်းဆောင်ရွက်နေမှုများ၊ UNDP၊ UNHCR တို့နှင့်ပူးပေါင်း၍ ရခိုင်ပြည်နယ်တွင် Quick Impact Project များနှင့် Pilot Project များ ဖော်ဆောင်လျက်ရှိသည့် အခြေအနေများ၊ IDP စခန်းများ ပိတ်သိမ်းရေးအတွက် အစိုးရအနေဖြင့် မဟာဗျူဟာချမှတ်၍ ဆောင်ရွက်နေမှုများ၊ IDP စခန်းများတွင် COVID-19 ကူးစက်ရောဂါ ထိန်းချုပ်ရေး အတွက် ICRC နှင့်ပူးပေါင်း၍ အစိုးရက ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် လေစီးဒုက္ခသည်များပြဿနာအား ကာကွယ်တားဆီးရေးအတွက် လူကုန်ကူးမှုများ တားဆီးနှိမ်နင်းရေးတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် လိုအပ်ချက် အပါအဝင် မြန်မာနိုင်ငံ၏ရပ်တည်ချက်များကို အသိပေးဆွေးနွေးပြောကြားသည်။

တိုးတက်မှုများ ဆွေးနွေး

(၂၁)ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးတွင် အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီ အောက်ရှိ ကဏ္ဍအလိုက် အဖွဲ့အစည်းများ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းအခြေပြမြေပုံ (၂၀၂၅) အကောင်အထည်ဖော်ရေးနှင့် ပြန်လည်သုံးသပ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အလားတူ (၂၆)ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်း ရေးကောင်စီအစည်းအဝေးတွင် အာဆီယံပူးပေါင်းဆောင်ရွက်ရေးနှင့် အသိုက် အဝန်းတည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ (၃၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ COVID-19 ကူးစက်ရောဂါဆိုင်ရာ အာဆီယံအထူးထိပ်သီး အစည်းအဝေးနှင့် အာဆီယံ+၃ အထူးထိပ်သီးအစည်းအဝေးတို့၏ ဆွေးနွေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်မှုနှင့် ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန တို့မှ အဆင့်မြင့်အရာရှိများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ၉နိ် ၂၄

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တန်းတူအခွင့်အရေးရရှိ

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား နိုင်ငံသားတိုင်း မည်သူမဆို သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း လျှောက်ထားရယူ၍ မိမိတို့ဆောင်ရွက်လိုသည့်လုပ်ငန်းရပ်ကို အကျိုးရှိစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ကြကြောင်း၊ နိုင်ငံသားအားလုံး လျှောက်ထားရယူ အသုံးပြုလုပ်ကိုင်နိုင်သည့် တန်းတူရည်တူ အခွင့်အရေးရှိကြောင်း၊ ထိုသို့လျှောက်ထားရယူခြင်း၌ လုပ်ပိုင်ခွင့် အသုံးပြုခွင့် ပေးအပ်ချိန်တွင် လုပ်ငန်းများ အမှန်တကယ် ဆောင်ရွက်ခြင်း ရှိ၊ မရှိ ထိန်းကျောင်းနိုင်ရန် အတွက် အာမခံကြေးပေးသွင်းစေပြီး အဆိုပြုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ပြီးပါက တင်သွင်းထားသည့် အာမခံကြေးကို ပြန်လည်ထုတ်ပေးခြင်းသာဖြစ်ပါကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ချိန်၌ မြေခွန်တော်ကိစ္စနှင့်ပတ်သက်၍လည်း သတ်မှတ်ကောက်ခံ မှုမှာ လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နှိုင်းယှဉ်ပါက မပြောပလောက်သည့် ပမာဏသာဖြစ်ကြောင်း။

ထို့အတွက် လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရသူများအနေဖြင့် လည်း ကျသင့်သည့်မြေခွန်တော်ကို သတ်မှတ်ချိန်၌ မပျက် မကွက် ပေးသွင်းရန် လိုအပ်ကြောင်း၊ ပေးသွင်းရန်ပျက်ကွက် ပါက ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခြင်းခံရ နိုင်ကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အမှန် တကယ် ဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်သူများအတွက် နိုင်ငံတော်က မြေအခမဲ့လုပ်ပိုင်ခွင့် အသုံးပြုခွင့်ပေး ထားခြင်းဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်သည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများ လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက် နိုင်ပါက နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်သလို လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အသက်မွေးဝမ်းကျောင်းမှု ကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့အပြင် မြေကို ရောင်းကုန်သဖွယ်မဖြစ်စေရန် ဥပဒေဖြင့် ထိန်းကျောင်းခြင်းနှင့် စည်းကမ်းဖောက်ဖျက်မှုရှိပါက တင်သွင်းထားသည့် အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက် ရန် လျှောက်ထားသူ လူပုဂ္ဂိုလ်အဖွဲ့အစည်းများအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလျှောက်ထားရာတွင် အချို့သော စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများ၌ ကြန့်ကြာ နေမှုများရှိနေကြောင်း သိရှိရသည့်အတွက် အဆိုပါ ကြန့်ကြာမှုများ မရှိစေရေး ပိုင်းဝန်းကြပ်မတ်ဆောင်ရွက် ကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

သုံးသပ်ဆွေးနွေး

ယင်းနောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံ ခန့်ခွဲခြင်း ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက အကြောင်း အရာ တစ်ခုချင်းအလိုက် သုံးသပ်ဆွေးနွေးကြသည်။

မြေခွန်တော်ကောက်ခံရေး

ယနေ့ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၇) ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များ စီမံခန့်ခွဲရေး နည်းဥပဒေ ၃၉ (ဂ) နှင့် ၄၀ တို့ပါ ပြဋ္ဌာန်း ချက်နှင့်အညီ သတ်မှတ်အချိန်ကစေ့ရောက်နေသော လုပ်ကိုင် ခွင့် အသုံးပြုခွင့်ရရှိထားသူများထံမှ မြေခွန်တော်ကောက်ခံ နိုင်ရေးအတွက် သတ်မှတ်သင့်သော မြေခွန်ကင်းလွတ်ခွင့် ကာလနှင့် သတ်မှတ်သင့်သော မြေခွန်နှုန်းထား သတ်မှတ် နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၁၉-၂၀၂၀ ခုနှစ်အထိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိသူများက မြေခွန် ပေးသွင်းလာခြင်းနှင့် ကောက်ခံရန်ကျန်ရှိနေသော ကိစ္စရပ် များကိုလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့် လျှောက်ထားလာသည့် အမှုတွဲများ စီစစ်ခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့် အသုံးပြုခွင့် လျှောက်ထားခြင်းအပေါ် အထူးအဖွဲ့ ဖွဲ့စည်းပေးနိုင်ရေး တင်ပြခြင်းကိစ္စရပ်နှင့်စပ်လျဉ်း၍လ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်

မေယု-မျိုးအောင် (MANA)

အရှေ့နှင့် အရှေ့တောင်အာရုဒေသနိုင်ငံများတွင် ဓာတုဗေဒဆေးဝါးများဖြင့် ပြုလုပ်ထားသော မူးယစ်ဆေးဝါးဈေးကွက် ဆယ်စုနှစ်များအတွင်း ပိုမိုကျယ်ပြန့်လာကြောင်း လွန်ခဲ့သည့် တစ်ပတ်က ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)၏ အစီရင်ခံစာစာစောတွင် ဖော်ပြထားသည်။ ထို့ပြင် အဆိုပါဒေသများတွင် ဓာတုမူးယစ်ဆေးဝါးများ ထုတ်လုပ်မှု၊ ရောင်းလိုအားများပြားမှုတို့ကြောင့် ၂၀၁၄ ခုနှစ်တွင် တရားမဝင် မူးယစ်ဆေးဝါးအမျိုးအစားသုံးမျိုးသာရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်၌ အမျိုးအစား ၂၈ မျိုးအထိ များပြားလာခဲ့ကြောင်းဆိုထားရာ ဤအချက်က မြန်မာနိုင်ငံသည် အသွင်ပြောင်းဓာတု မူးယစ်ဆေးဝါးများ ထုတ်လုပ်မှုကို နိမ့်နင်းရာ၌ သမားရိုးကျ မဟုတ်သော စိန်ခေါ်မှုများကို ရင်ဆိုင်ရဖွယ်ရှိကြောင်း ညွှန်ပြနေသည်။

ကြောက်မက်လိလိ များပြားနေဆဲဖြစ်

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို နှစ်ပေါင်းများစွာ လုပ်ဆောင်ခဲ့သော်လည်း မူးယစ်ဆေးဝါး ထုတ်လုပ်မှုမှာ ကျဆင်းသွားခြင်းမရှိပေ။ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု တစ်နှစ်ထက်တစ်နှစ် များပြားလာသကဲ့သို့ ဖမ်းဆီးရမိသည့် ပမာဏမှာလည်း ကြောက်ခမန်းလိလိ များပြားနေဆဲဖြစ်သည်။ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းလာသော်လည်း စိတ်ကြွဆေးပြားဟု လူသိများသည့် မက်သာဖက်တမင်းဆေးပြားများ သုံးစွဲမှုနှုန်း မြင့်တက်နေပြီး အဆိုပါဆေးဝါးများ နိုင်ငံတကာသို့တင်ပို့ရာတွင် မြန်မာနိုင်ငံသည် အချက်အချာနေရာဖြစ်နေကြောင်း နေ့စဉ်နှင့်အမျှ ဖော်ပြပါရှိနေသည့် မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှု သတင်းများကို ဖတ်ရှုရှုံဖြင့် သိသာစေသည်။

၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်း အစီရင်ခံစာအရ ၂၀၁၈ ခုနှစ် ဘိန်းစိုက်ပျိုးမှုနှင့် ၂၀၁၉ ခုနှစ် ဘိန်းစိုက်ပျိုးမှုကို နှိုင်းယှဉ်ပါက ၁၁ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့သဖြင့် ယခင်က ကမ္ဘာပေါ်တွင် ဒုတိယအဆင့်ရှိခဲ့ရာမှ ယခုအခါ တတိယအဆင့်သို့ လျော့ကျသွားခဲ့သည်။ သို့ရာတွင်ခေတ်မီဓာတုပစ္စည်းများနှင့် ပေါင်းစပ်ထားသည့် အသွင်ပြောင်းမူးယစ်ဆေးဝါးများကြောင့် တားဆီးနိုင်မဲနင်းရေးလုပ်ငန်းတွင် အခက်အခဲ အချို့ရှိနေခဲ့ဖြစ်သည်။

နိုင်ငံတော်သမ္မတရုံး၌ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနကို ဖွင့်လှစ်၍ ဖော်ထုတ်ဖမ်းဆီး အရေးယူမှုများ ဆက်တိုက်လုပ်ဆောင်နေသဖြင့် အောင်မြင်မှုများရှိနေသော်လည်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းတွင် စိန်ခေါ်မှုများစွာ ရှိနေသေးသည်။ အထူးသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေကို ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိအောင် ပြန်လည်ပြင်ဆင်ထားသော်လည်း အကျဉ်းထောင်အားလုံး တွင် မူးယစ်ဆေးဝါးမှဖြင့် ပြစ်ဒဏ်ကျခံရသူများမှာ ၈၀ ရာခိုင်နှုန်းအထက်တွင် ရှိနေခြင်း၊ လက်ဝယ်တွေ့သူနှင့်အတူ ရှိနေရုံဖြင့် ပြစ်ဒဏ်ချမှတ်ခံနေရမှုများ ဖြစ်ပေါ်နေခြင်း၊ လက်ကားရောင်းဝယ်သူများကို ဖော်ထုတ်နိုင်မှုနည်းပါးခြင်း တို့မှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမူဝါဒများအပေါ် မေးခွန်းထုတ်စရာ ဖြစ်စေသည်။

ဘိန်းစိုက်ပျိုးမှုလည်း လျော့နည်းကျဆင်းသွားမည်ဖြစ်

ဘိန်းအစားထိုးဘိန်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရန် နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတွင် လျှပ်စစ်မီးရရှိရေး၊ နှစ်တို၊ နှစ်ရှည်သီးနှံစိုက်ပျိုးရေး၊ နည်းပညာများပံ့ပိုးရေး၊ မြေယာပြုပြင်ရေး၊ ရေရရှိရေး၊ အစားထိုးသီးနှံများ ဈေးကွက်ဝင်ရောက်ရေးတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက် ရရှိကာ ဘိန်းစိုက်ပျိုးမှုလည်း လျော့နည်းကျဆင်းသွား မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက အဓိကအကောင်အထည်ဖော် ဆောင်ရွက်နေသလို ပုဂ္ဂလိကလုပ်ငန်းရှင်များကပါ လက်တွဲပူးပေါင်းဆောင်ရွက်မည်ဆိုပါက ဒေသခံပြည်သူများ လည်း အကျိုးရှိပြီး မူးယစ်ဆေးဝါး ပြဿနာများလည်း လျော့နည်းကျဆင်းသွားမည်ဖြစ်သည်။ ဘိန်းအစားထိုး စိုက်ပျိုးရေးကို ရှေ့ယခင်ကလည်း ဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုမရှိခြင်းမှာ နယ်မြေဒေသ မငြိမ်းချမ်းသော ကြောင့်ဖြစ်၍ ဓိမ်တို့ဒေသငြိမ်းချမ်းရမည်ဟူသည့် ခံယူချက်ဖြင့် လက်တွဲပါဝင်ရမည်ဖြစ်သည်။ စစ်မှန်သည့်ငြိမ်းချမ်းရေးကို တည်ဆောက်ပြီး ဘိန်းစိုက်ပျိုးသည့် တောင်သူများ၏ ဘဝနှင့်ခံယူချက်များ ပြောင်းလဲပေးကာ လူမှုဘဝဝကို မြှင့်တင်ပေးရမည်ဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများတွင် ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများ ရှိနေသော်လည်း ကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့၍ အောင်မြင်မှုများရှိနေပြီဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့်လည်း အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းလက်တွဲ၍ ပိုမိုနှိမ်နင်းတိုက် ဖျက်သွားရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။

စစ်ဆေးရေးများကို ၂၄ ကြိမ် ဆောင်ရွက်ခဲ့

မြန်မာနိုင်ငံ၏ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး မဟာဗျူဟာစီမံချက်ရေးဆွဲကာ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွား မည်ဖြစ်သည်။ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆင်ရေးများကို ၂၄ ကြိမ် ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် မူးယစ်ဆေးဝါးအမှုပေါင်း ၁၃၀၃၇ မှု၊ တရားခံပေါင်း ၁၈၆၈၁ ဦး ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့အထွက် မိုင်တိုင် (၄၇/၄၈) အေးရှားဝေါ စစ်ဆေးရေးဂိတ်ဟောင်းတွင် မေလ ၁၈ ရက်နေ့က မူးယစ်ဆေးဝါးရှာဖွေရေးဂကာ်ဖြင့် ရှာဖွေရာ ဆီဘောဂ်ဆာကားပေါ်တွင် WY မူးယစ်ဆေးပြားပေါင်း ၈၅၁၀၀၀ နှင့် ဘိန်းဖြူ ကီလိုဂရမ် ၄၄၀ ကို သိမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ရဲချုပ်ရုံးမှ မူးယစ်ဆေးခန်းရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အမှတ် (၁၆) မူးယစ်ရဲတပ်ဖွဲ့ကို ပေးအပ်ထားသည့် မူးယစ်ဆေးဝါး ရှာဖွေရေးစကာ်သစ်ဖြင့် ရှာဖွေခဲ့ခြင်းဖြစ်သည်။

ဈေးကွက်ချဲ့ထွင်လျက်ရှိ

မူးယစ်ဆေးဝါးထုတ်လုပ်သူများသည် အဖက်တမင်း (စိတ်ကြွဆေး)၊ အက်တစီ (ecstasy)၊ ကတ်တမင်း (ketamine)၊ ဆေးခြောက်နှင့် အာနိသင်တူသော ပစ္စည်းများ (Cannabinoids)များနှင့် ဖန်တနိုင်း (Fentanyl) ကဲ့သို့သော ဓာတုပစ္စည်းကို အခြေခံ၍ ပိုမိုပြင်းထန်သော အမျိုးအစားများ ကို ပိုမိုထုတ်လုပ်ကာ ဈေးကွက်ချဲ့ထွင်လျက်ရှိသည်။ ယခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ဇူလိုင် ၉ ရက်နေ့အထိ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်အတွင်း စစ်ဆေးရေးကာလ၌ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာတန်ကြေးရှိသည့် မူးယစ် ဆေးဝါးများ အများအပြားဖမ်းဆီးရမိမှုတွင် ဖန်တနိုင်း (Fentanyl) ဆေးရည်လီတာ ၄၀၀၀ နီးပါး ဖမ်းဆီးရမိခဲ့မှုမှာ မူးယစ်ဆေးဝါးဈေးကွက်အတွင်း သမားရိုးကျမဟုတ်သည့် အမည်သစ်များ ထပ်မံစိမ့်ဝင်ပျံ့နှံ့ခဲ့နေကြောင်းကို မီးမောင်းထိုးပြ နေသည်။ ဖန်တနိုင်းဓာတုပစ္စည်းဖြင့် ထုတ်လုပ်ထားသည့် မူးယစ်ဆေးသည် ဘိန်းဖြူထက် အဆ ၃၀ မှ အဆ ၅၀၊ မော်ဖင်းထက် အဆ ၅၀ မှ အဆ ၁၀၀ အထိ ပိုမိုပြင်းထန်ကာ ထုတ်လုပ်ရာတွင်လည်း ဘိန်းဖြူထက်လွယ်ကူသည့် အမည် သစ် မူးယစ်ဆေးဝါးဖြစ်သည်။ ဖန်တနိုင်းကို နှစ်စီမံလိုဂရမ်မှ သုံးစွဲရှိဖြင့် အသက်အန္တရာယ်ရှိနိုင်သည်ဖြစ်ရာ ၂၀၁၈ ခုနှစ်အတွင်း ဖန်တနိုင်းကြောင့် အမေရိကန်တွင် လူပေါင်း ၇၂၀၀၀ ခန့်သေဆုံးခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် အကျဉ်းထောင်တစ်ခုတွင် လျှထားသည့်ဂျက်ပျာသီးသေတ္တာများအတွင်းတွင် ကိုကင်ဒေါ်လာ ၁၈ သန်းဖိုးလောက် တွေ့ရှိရသည်ဟု ဥပဒေစိုးမိုးရေးအရာရှိများက ပြောကြား သည်။ ဂျက်ပျာသီးများက မှည့်ကုန်ဖြိုဖြစ်၍ အမေရိကန် ဆိပ်ကမ်းကနေ အကျဉ်းထောင်ကို လျှလိုက်ခြင်းဖြစ်သည်ဟု တက္ကဆက်ရာဇဝတ်မှုခင်းဌာနက ထုတ်ပြန်ထားသည်။ အကျဉ်းဦးစီးဝန်ထမ်းများက ဂျက်ပျာသီးသေတ္တာများကို သယ်နေချိန်တွင် တစ်ခုခုတော့မှားနေပြီဟု သံသယဖြစ်လာ သည်။ သေတ္တာများက အခြားသော သေတ္တာဘူးများနှင့်မတူ ခြင်းကို ခံစားမိလိုက်ရသည်ဟု တက္ကဆက် ရာဇဝတ်မှုခင်း ဌာနက ပြောကြားသည်။ အထဲကို ဖွင့်ကြည့်လိုက်သည့်အခါ ဂျက်ပျာသီးများအောက်တွင် အဖြူရောင်အမှုန့်ထုပ်များကို တွေ့ရခြင်းဖြစ်သည်။ စုစုပေါင်း ကိုကင်းအထုပ် ၅၄၀ တွေ့ခဲ့ရပြီး ဈေးကွက်ပေါက်ဈေးအရ ဒေါ်လာ ၁၈ သန်းရှိ ကြောင်း သိရသည်။

ဩစတေးလျရဲတပ်ဖွဲ့က ဝေးလံခေါင်သီသည့်ဒေသရှိ ကြီးမားသောမူးယစ်ဆေးဝါးစက်ရုံအား ဝင်ရောက်တိုက်ဖျက် ဖျက်သိမ်းခဲ့ကြောင်း၊ ဤဝင်စီးမှုတွင် အမေရိကာနိုင်ငေါလာ ၆ ဒသမ ၂ သန်းတန်ဖိုးရှိ ကိုကင်းများနှင့် လူလေးဦးတို့ကို ဖမ်းဆီးလိုက်ကြောင်း ဆင်ဟွာသတင်းက ဇွန်လ ၅ ရက်နေ့ တွင် ဖော်ပြခဲ့သည်။ ရဲတပ်ဖွဲ့က နယူးဆောက်သ်ဝေး ဒေသတွင် ကိုကင်းနှင့် မီသိုင်းမူးယစ်ဆေးဝါးထုတ်လုပ်မှု၊ ရောင်းဝယ်မှုများကို ကာလကြာရှည်စွာ စုံစမ်းစစ်ဆေးမှု လုပ်ဆောင်ခဲ့ပြီးနောက် ယခုကဲ့သို့ ဖမ်းဆီးခဲ့ခြင်းဖြစ် သည်။

မူးယစ်ဆေးဝါးအန္တရာယ်ကို အသိသတိဖြင့် ကာကွယ်

မြန်မာနိုင်ငံသည် ဓာတုပစ္စည်းများ အဓိကထုတ် လုပ်နေသည့် နိုင်ငံကြီးနှစ်နိုင်ငံအကြား တည်ရှိနေသဖြင့် အသွင်ပြောင်းမူးယစ်ဆေးဝါးပြဿနာသည် လူငယ်လူရွယ် များအတွက် လက်တစ်ကမ်းအကွာဝတွင်ရှိနေသည့် အန္တရာယ်ဖြစ်သည်။ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် ပညာရေးကဏ္ဍတွင် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေး လုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ခြင်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို တာဝန်ယူနေရသည့် ရဲတပ်ဖွဲ့ဝင်အင်အား ကို တိုးမြှင့်ခန့်ထားခြင်း၊ ရန်ပုံငွေများ ပိုမိုချထားပေးခြင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ ယင်းအပြင် မူးယစ်ဆေးဝါး များထွက်ရှိရာ ဒေသအများစုသည် လက်နက်ကိုင်အဖွဲ့အချို့ ထိန်းချုပ်နယ်မြေများအတွင်းဖြစ်ရာ လူသားအားလုံးကို အညွှန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ်ကို အသိသတိ ဖြင့် ကာကွယ်ကြရမည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) ဗဟို၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည်ဗဟို ကော်မတီအစည်းအဝေးကို ရန်ကုန်ဖြို့ ကျွန်းတောလမ်းရှိ မူးယစ်ပြတိုက်အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်းက "ကျွန်တော်တို့ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကြီးရဲ့ အဓိကပန်းတိုင်ကတော့ လူငယ်လူရွယ်တွေ မူးယစ်ဆေးဝါး ကင်းစင်ပြီး ကျန်းမာကြွယ်ဝတဲ့ လူငယ်တွေဖြစ်ရေးဖြစ်ပါ တယ်။ ဒီအတွက် လုပ်ငန်းစဉ် နှစ်ရက်ချမှတ်ဆောင်ရွက် ပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ကနေ ဒီဇင်ဘာ လ ၃၁ ရက်နေ့အထိ တစ်နှစ်တာ အကျိုးဝင်တဲ့ ကာလ အတွင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ဟောပြော မှု အကြိမ်ပေါင်း ၁၀၀ ကျော်ကနေ ၂၀၀ နီးပါးရှိပါတယ်"ဟု ပြောကြားခဲ့သည်။

နိုင်ငံတော်အဖိုးရအနေဖြင့် ပြီမံချမ်းရေးလုပ်ငန်းစဉ် များ အောင်မြင်ရေးအတွက် လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် စဉ်ဆက်မပြတ် နိုင်ငံရေးဆွေးနွေးပွဲများကိုဆောင်ရွက်လျက်ရှိရာပြီမံချမ်းရေး လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်လာသည်နှင့်အမျှ ဘိန်းအစားထိုးဘိန်းစိုက်ပျိုးရေး၊ မူးယစ်ဆေးဝါးပြဿနာ များ လျော့နည်းကျဆင်းလာရေးအတွက် နိုင်ငံတော်အဖိုးရ နှင့်အတူ ပိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အိမ်နီးချင်းနိုင်ငံများတွင် ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများ ရှိနေသော်လည်း ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့၍ အောင်မြင်မှုများရှိနေပြီဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့်လည်း အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းလက်တွဲ၍ ပိုမိုနှိမ်နင်းတိုက်ဖျက်သွားရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။

❖ **အခြေခံပညာကျောင်းများမှ**

"ကျွန်မတို့ကျောင်းအနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ ကျောင်းသားတစ်ဦးနှင့်တစ်ဦး ခြောက်ပေခြားစီ စာသင်နိုင်အောင် ထိုင်ခုံတွေ ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ စုစုပေါင်း စာသင်ခန်း ၂၈ခန်း ပြင်ဆင်ထားပါတယ်။ ဇူလိုင် ၂၁ ရက်ကစပြီး အထက်တန်းအဆင့်တွေ စတင် ဖွင့်လှစ်သင်ကြားပေးသွားမှာပါ။ အဲဒီအတွက် ကလေးတွေကျောင်းတက်တဲ့အခါ အဆင်ပြေအောင်လို့ ကျောင်းသန့်ရှင်းရေးကို အထူးအလေးထား ဆောင်ရွက် ရခြင်းဖြစ်ပါတယ်"ဟု အထက(၃)ဒဂုံ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်နွယ်က ပြောသည်။

အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အထက်တန်းအဆင့်ကို ဇူလိုင် ၂ ရက်တွင် ဖွင့်လှစ်သွားရန်အတွက် ကျောင်းအပ်လက်ခံခြင်းကို ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ ရက်သတ္တပတ်ကြာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းအတွက် ကျောင်းစာသင်ခန်းများ၌ လက်ဆေးဘေစင်များ၊ ဆပ်ပြာများ အရန်သင့်ထားရှိသွားရန်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ကျောင်းအုပ်ဆရာမ ကြီးက ထပ်လောင်းပြောကြားသည်။

အထက်တန်းအဆင့်ကို ဇူလိုင် ၂၁ ရက်တွင် စတင်ဖွင့်ပြီး အလယ်တန်းနှင့် မူလတန်းကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုအပေါ်မူတည်ပြီး တိုးချဲ့ဖွင့်လှစ်သွား မည်ဖြစ်ကြောင်း၊ အထက်တန်းအဆင့်ကို နံနက်ပိုင်းသင်ကြားပြီး အလယ်တန်း အဆင့်ကို ညနေပိုင်း သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မူလတန်းကို နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

တစ်နိုင်ငံလုံးတွင် ပံ့မှန်ဖွင့်နိုင်သော ကျောင်းပေါင်း ၂၇၀၀၀ ခန့်ရှိပြီး တစ်ပတ်ခြားဖွင့်ရမည့်ကျောင်း ၁၄၀၀၆ ကျောင်းရှိကြောင်း၊ တစ်ပတ်ခြား နှစ်သုတ်တက်ကျောင်း ၅၁၂၇ ကျောင်းရှိကြောင်း သိရသည်။

မြင့်မောင်

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ သက်တမ်း ၁ နှစ် ချေးငွေများကို ထိခိုက်မှုအများဆုံး ခံစားခဲ့ရသော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ SME နှင့် CMP များသို့ ထုတ်ချေးလျက်ရှိ၊ ငွေကျပ်ဘီလီယံ ၁၀၀ အနက် ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၈ ရက်အထိ လုပ်ငန်းပေါင်း ၈၃၂ ခုသို့ ငွေကျပ် ၃၁ ဒသမ ၈၁၇ ဘီလီယံ ထုတ်ချေးပြီးဖြစ်။

✪ ကျောဖုံးမှ

ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (PPP center) ကို ဖွဲ့စည်းထားရှိပြီး PPP ဆိုင်ရာ တင်ပြမှုများကို အကြံဉာဏ်ပေးလျက်ရှိပါကြောင်း။

စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမျိုးသား စီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထားချက် တွင်ပါဝင်သည့် မဟာဗျူဟာမြောက် လုပ်ငန်း/ လုပ်ငန်းစီမံကိန်းများ၏ ဆောင်ရွက်ပြီးစီးမှုများကို အချိန် ဇယားရေးဆွဲ၍ စိစစ်ဆောင်ရွက်ပေး လျက်ရှိပါကြောင်း။ စိစစ်တိုးသည် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ အတွင်းရေးမှူးရုံး တာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်း။

စစ်တမ်းအစီရင်ခံစာ

ဗဟိုစာရင်းအင်းအဖွဲ့ အနေဖြင့် စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသား အဆင့် မဟာဗျူဟာ (National Strategy for Development of Statistics – NSDS) အကောင်အထည် ဖော်ဆောင်ရေးလုပ်ငန်း စီမံကိန်း (မူကြမ်း) (၂၀၁၈ – ၂၀၁၉ မှ ၂၀၂၂ – ၂၀၂၃ အထိ) (၅)နှစ် စီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။ သဘာဝဘေးအန္တရာယ် ကြိုတင် ပြင်ဆင်ရေး၊ တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဂရုစိုက် စီမံကိန်းများအတွက် အထောက်အကူ ပြုနိုင်ရန် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စစ်တမ်းအစီရင်ခံစာ (၂၀၁၈) ကို ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း ထုတ်ပြန်နိုင်ခဲ့ပါကြောင်း။

ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန အနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ယန္တရားကြီး များ၏ အခြေအနေကို စစ်ဆေးရေး အဖွဲ့ ၁၂ ဖွဲ့ ဧပြီ ၂၄ ရက်မှ ဇွန် ၂၄ ရက် အထိ ကျင်းပသွားပြီး ဖြစ်ပါကြောင်း။ ဧပြီ ၂၄ ရက်မှ ဇွန် ၂၄ ရက်

■ စာမျက်နှာ ၇ မှ

လယ်သမားများသို့ စိုက်ပျိုးစရိတ် ချေးငွေကို ထပ်ဆောင်းထုတ်ချေးရေး တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ရန်ပုံငွေစနစ်

ထို့နောက် သတင်းဓိဒီယာများက ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ ဥပဒေ(မူကြမ်း) ရေးဆွဲနေခြင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် အကျိုးသက်ရောက်မှုများကို သိရှိလို ကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပင်စင်ဦးစီးဌာနမှ ဥက္ကဋ္ဌကြီးရေးမှူး ချုပ် ဒေါက်တာဝါဝါမောင်က လက်ရှိ မြန်မာနိုင်ငံ၏ ပင်စင်စနစ်သည် ပြုပြင် ပြောင်းလဲရန် လိုအပ်ပျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ပင်စင်စနစ်မှာ ရန်ပုံငွေ ထူထောင်ထားခြင်းမရှိဘဲ နိုင်ငံတော် ဘတ်ဂျက်မှ သုံးစွဲသည့်စနစ်ဖြစ်ပါ ကြောင်း၊ ပင်စင်ရန်ပုံငွေထူထောင်ခြင်း စနစ်ကို အခြားနိုင်ငံများတွင် ဆောင်ရွက် လျက်ရှိပါကြောင်း၊ ထို့ကြောင့် ပင်စင် ရန်ပုံငွေ ထူထောင်ခြင်းစနစ်ကို ကျင့်သုံးရန် ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ပင်စင်အသုံးစရိတ်မှာ လက်ရှိနိုင်ငံ GDP ၏ တစ်ရာခိုင်နှုန်း ကျော်ခန့်ရှိသည့်အပြင် အခွန်ရငွေ၏ ခြောက်ပုံ တစ်ပုံခန့် ရှိသည့်အတွက် သုံးစွဲမှုအနေဖြင့် များပြားသည်ဟုပြော ၍ရပါကြောင်း၊ ထို့ကြောင့် သီးသန့် ရန်ပုံငွေတစ်ရပ် ထူထောင်ဆောင်ရွက် ရန် လိုအပ်လာပါကြောင်း၊ ရေရှည်တွင် မြန်မာနိုင်ငံ၏ ပင်စင်စနစ် ရေရှည် တည်တံ့ခိုင်မြဲရန်နှင့် ဘဏ္ဍာရေးအရ ခံနိုင်ရည်ရှိရန် ရည်ရွယ်ပြီး ဝန်ထမ်း နောင်ရေး ဗဟိုရန်ပုံငွေဥပဒေကို ပြဋ္ဌာန်းပြီး ဆောင်ရွက်ရန် အစီအစဉ် ရှိပါကြောင်း၊ ယခု ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ မဟာဗျူဟာ၊ လုပ်ငန်း စဉ်နှင့် ဘတ်ဂျက်ကို ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေး၏ ခွင့်ပြု မိန့်ရရှိပြီးဖြစ်၍ မူကြမ်းအဆင့် ထုတ်ပြန်ခဲ့ပါကြောင်း၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ဥပဒေကြောင်းအရ သဘောထားမှတ်ချက်ပေးရန် မရှိသည့် အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြဆောင်ရွက် နေပြီဖြစ်ပါကြောင်း၊ ယင်းနောက် လွှတ်တော်သို့တင်ပြပြီး ဥပဒေ ပြဋ္ဌာန်းရေးကိစ္စများကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အကောင်အထည်ဖော်မှု ပုံစံအရ ဝန်ထမ်းများ လုပ်သက် ၁၀ နှစ် အထက် ဝန်ထမ်းများအနေဖြင့် မူလ ပင်စင်စနစ်အတိုင်း သွားမည်ဖြစ်ပြီး လုပ်သက် ၁၀ နှစ်အောက် ဝန်ထမ်း များအနေဖြင့် ဝန်ထမ်းနောင်ရေးရန်ပုံငွေ ဥပဒေအရ အကျုံးဝင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ယင်းဥပဒေပြဋ္ဌာန်းပြီးပါက အစိုးရဝန်ထမ်းများအနေဖြင့် ယင်း ဥပဒေနှင့် အကျုံးဝင်မည်ဖြစ်ပါ ကြောင်း၊ ယင်းရန်ပုံငွေစနစ်ထူထောင် ခြင်းမှာ နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာ ဝန်ထုပ်ဝန်ပိုး လျော့ကျအောင်နှင့် နိုင်ငံဝန်ထမ်းများ လုပ်မှုစီးပွားဘဝ ဖူလုံစေရန်အတွက် ရေရှည်ရည်ရွယ် ကာ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သတင်းဓိဒီယာများက ရန်ကုန်ဆိပ်ကမ်းရှိ X-Ray စက် များ အခြေအနေ၊ ပုဂ္ဂလိကပိုင် X-Ray စက်ပိုင်ရှင်များနှင့် စာချုပ်ပြင်ဆင် ချုပ်ဆိုမှုများ ဆောင်ရွက်နေမှု အခြေ အနေ၊ ဌာနဆိုင်ရာအရာရှိတချို့ မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်၏ Boad of Director အဖြစ် ပါဝင်နေမှု နှင့်ပတ်သက်၍ ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံး၏ သဘောထားမှတ်ချက် တောင်းခံထားမှု အခြေအနေ၊ စက်မှု ဝန်ကြီးဌာနမှလွဲပြောင်းရယူထားသည့် အကြီးစားစက်ရုံများ အခြေအနေ၊ တရုတ်နိုင်ငံ၏ ချေးငွေရယူနေမှု အခြေအနေ၊ မြင်းခြံသံမဏိစက်ရုံ နှင့်စပ်လျဉ်း၍ စုစမ်းစစ်ဆေးရေး အဖွဲ့၏ စစ်ဆေးဆောင်ရွက်နေမှု အခြေအနေ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ အသုံးစရိတ် ခန့်မှန်း လျာထားမှုအခြေအနေ၊ ဟောင်းနွမ်း ဒွေစက္ကူများ ပယ္ယောက်ရေးဆောင်ရွက် နေမှုအခြေအနေ၊ တရုတ် – မြန်မာ စီးပွားရေးစင်္ကြံလမ်း Master Plan နှင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေ၊ ပိုးလမ်းမစီမံကိန်းတွင် မြန်မာနိုင်ငံကို အဆိုပြုထားသည့် စီမံကိန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ အခြေခံလူတန်းစားများ ကို ငွေကျပ် ၂၀၀၀၀ ပေးဝေသွားမည့် အခြေအနေ၊ ယခင်ပုဂ္ဂလိကသို့ လွှဲပြောင်းပေးသည့် စက်ရုံအလုပ်ရုံ များမှ ဖြစ်ပေါ်နေသည့် ပြဿနာ များကို ဖြေရှင်းဆောင်ရွက်ပေးနေမှု အခြေအနေ၊ စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရန် အစီအစဉ် ရှိ မရှိ၊ ကိုဗစ်-၁၉ ကာလတွင် Micro Finance များကို အတိုးနှုန်းလျော့ချပေးရန် အစီအစဉ် ရှိ၊ မရှိတို့နှင့်စပ်လျဉ်း၍ မေးမြန်းကြရာ စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

လူနေမှု မြှင့်တင်ရန်

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင် ထူးက ဝန်ကြီးဌာနသည် ဈေးကွက် စီးပွားရေးစနစ်ကို ပိုမိုစွာဖြစ်ပေါ် စေပြီး ပြည်တွင်းပြည်ပ ကူးသန်း ရောင်းဝယ်မှု မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုပြီး ပြည်သူများ၏ လူနေမှုအဆင့် အတန်းကို မြှင့်တင်ရန်ဖြစ်ပါကြောင်း၊ အတိုက်သို့ဆောင်ရွက်ရာတွင် နိုင်ငံတော် ၏ ရေရှည်စီမံကိန်းများ၊ စီးပွားရေး မူဝါဒများနှင့် မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈ - ၂၀၂၃) ကို နှံ့စပ်အညီ ဆောင်ရွက်နေပါ ကြောင်း။

စတုတ္ထ (၁) နှစ်တာကာလအတွင်း အောင်မြင်မှုများအနေဖြင့် စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာနသည် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် တွင် ကုန်သွယ်မှုကဏ္ဍက ထုတ်လုပ်မှု တန်ဖိုးငွေကျပ် ၂၀၆၃၈ ဘီလီယံရှိပြီး စုစုပေါင်း ပြည်တွင်းထုတ်ကုန် (GDP)၏ ၂၀ ဒသမ ၅၅ ရာခိုင်နှုန်းကို ဖြည့်ဆည်း ပေးနိုင်ခဲ့ပါကြောင်း၊ ကုန်သွယ်မှုကဏ္ဍ တိုးတက်မှုသည် ယခင်နှစ်ကထက် ပုံသေစျေးနှုန်း များအရ ၇ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း၊ နိုင်ငံတကာ ကုန်သွယ်မှုအပိုင်းတွင် စတုတ္ထ (၁) နှစ်ကာလအတွင်း အမေရိကန်ဒေါ်လာ ၃၅၅ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပြီး ပို့ကုန်အမေရိကန်ဒေါ်လာ ၁၆၃ ဒသမ ၉၆၃ ဘီလီယံသွင်းကုန်အပိုင်း တွင် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၀၅၈ ဘီလီယံနှင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉ ဘီလီယံအထိ လျော့ကျအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ဈေးကွက်သစ် ရှာ

မြန်မာနိုင်ငံ၏ အဓိကပို့ကုန် တစ်ခုဖြစ်သည့် ဆန်နှင့် ဆန်ကွဲသည် ပြီးခဲ့သည့်နှစ်တွင် တန်ချိန် ၂ ဒသမ ၃ သန်း တင်ပို့နိုင်ခဲ့ပြီး နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၇၀၀ ခန့် ရရှိခဲ့ပါကြောင်း၊ ယခုနှစ်တွင် တန်ချိန် ၂ ဒသမ ၅ သန်းခန့်ကျင် တင်ပို့နိုင်မည် မျှော်မှန်းထားပါကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားသည့်အတွက် စားနပ်ရိက္ခာ လိုအပ်ချက် များပြားလာပြီး ဈေးကွက် သစ်အချို့ကို ရရှိခဲ့ပါကြောင်း၊ မကြာမီက ဖိလစ်ပိုင်နိုင်ငံမှ ဆန်တင် ဒါကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တန်ချိန် ၇၅၀၀၀ ဝန်းကျင် ရရှိခဲ့ပါကြောင်း၊ မလေးရှားနိုင်ငံနှင့် အစိုးရအချင်းချင်း ရောင်းချရန် စီစဉ်ဆောင်ရွက်နေပါ ကြောင်း။

ဒုတိယအရေးကြီးသည့် သီးနှံသည် ပြောင်းဖြစ်ပြီး ပြည်တွင်းသုံးစွဲမှုလည်း တိုးတက်လာသည့်အပြင် တရုတ်နိုင်ငံ ဈေးကွက်တစ်ခုတည်းသာမက ထိုင်း နိုင်ငံ ဈေးကွက်ကိုပါ ပိုမိုတိုးချဲ့တင်ပို့ လာနိုင်သည့်အတွက်ကြောင့် ပြီးခဲ့တဲ့ နှစ်တွင် တန်ချိန် ၁ ဒသမ ၅၃ သန်း ကျော်အထိ ဈေးကွက်ချဲ့ထွင်တင်ပို့နိုင် ခဲ့ပါကြောင်း၊ ပဲမျိုးစုံအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၆၄ သန်းတင်ပို့မှုမှ အမေရိကန် ဒေါ်လာ တစ်ဘီလီယံကျော် ရရှိခဲ့ပါ ကြောင်း။

ပို့ကုန်အပိုင်းတွင် ထူးခြားသည့် တိုးတက်မှုတစ်ခုမှာ သစ်သီးဝလံ တင်ပို့ရောင်းချမှု မြင့်တက်လာခြင်း ဖြစ်ကြောင်း၊ စတုတ္ထ (၁) နှစ်တာ အတွင်း ဖရဲသီး၊ သခွားမွေး၊ သရက်သီး နှင့် ငှက်ပျောသီး စသည့် သစ်သီးဝလံ များကို မကိထရစ်တန်ချိန် ၁ ဒသမ ၇ သန်း တင်ပို့နိုင်ခဲ့ရာ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်ထက် ၂၁ ရာခိုင်နှုန်း တိုးတက်လာပါကြောင်း။ ကျွဲ၊ နွား အရှင်များ တင်ပို့ရောင်းချမှုကို တိုးတက်ဆောင်ရွက်ခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်အတွင်း ကျွဲ၊ နွား ကောင်ရေ ငါးသိန်းအထိ တင်ပို့နိုင် ခဲ့ပါကြောင်း၊ ရေချိုငါးမွေးမြူရေးနှင့် ရေငန် ငါးမွေးမြူရေးအပိုင်းတွင် တိုးတက်လာသည့်အတွက် ရေထွက် ပစ္စည်းပို့ကုန်အနေဖြင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ရေထွက်ပစ္စည်းပို့ကုန် အမေရိကန်ဒေါ်လာသန်း ၇၀၀ တင်ပို့ နိုင်ခဲ့ပါကြောင်း၊ စက်မှုကုန်ချော တင်ပို့မှုနှင့် CMP အထည်ချုပ်လုပ်ငန်း တင်ပို့မှုသည် တိုးတက်လာခဲ့ပါ ကြောင်း။ CMP အထည်ချုပ်လုပ်ငန်းမှ စတုတ္ထ (၁) နှစ်တာကာလအတွင်းတွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၅ ဘီလီယံရရှိခဲ့ပြီး အခြားစက်မှုကုန်ချော တင်ပို့မှုနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပလျက်ရှိပါကြောင်း။

စားသုံးသူ ကာကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး မကြာမီ ပြည်တွင်းတွင် ရောင်းချသည့် ကုန်စည်များကို ကုန်စည်အည္ဆန်း များတပ်ပြီး ရောင်းချနိုင်အောင် စီစဉ် ဆောင်ရွက်လျက်ရှိရာ ကုန်စည် ၉၈၉၃ ခုအတွက် ကုန်အည္ဆန်းအမှတ် အသား ဖော်ပြခြင်းကို စီစစ်အတည်ပြု ပေးခဲ့ပါကြောင်း။

စပါးဝယ်ယူ

မြန်မာနိုင်ငံတွင် တောင်သူလယ် သမားများသည် မျှတသည့်ဈေးနှုန်း တက်ရောက်ခြင်း မရှိသည့်အတွက် ကုန်သွယ်မှု ပြုလုပ်သည့်အတွက် ရောဂါကူးစက်မှု မရှိနိုင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သတင်းဓိဒီယာ များက ဝန်ကြီးဌာနအနေဖြင့် တရုတ် နိုင်ငံနှင့်ဆက်စပ် အကောင်အထည် ဖော် ဆောင်ရွက်မည့် စီမံကိန်းများ အခြေအနေ၊ နယ်စပ်၌ ဆောင်ရွက်နေ သည့် တရုတ် - မြန်မာ နယ်စပ်စီးပွား ရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော် ဆောင်ရွက် နေမှုအခြေအနေ၊ မြန်မာနိုင်ငံ ထုတ်ကုန်များ ပြည်ပသို့တင်ပို့ရာတွင် ကန့်သတ်ခံရမှုရှိပါက ဆောင်ရွက် သွားမည့် အခြေအနေ၊ ကိုဗစ်-၁၉ ကာလတွင် နယ်စပ်သို့ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်နေသည့် ကုန်တင် ကားများအနေဖြင့် ကုန်တင်ပို့ရပ်တဲ့ မြင့်တက်နေမှု အခြေအနေ၊ ကိုဗစ် အလွန်ကာလ ကုန်ပစ္စည်းကူးသန်း ရောင်းဝယ်မှုကို ပုံစံသစ်ဖြင့် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက် နေမှုအခြေအနေ၊ လုပ်သက် ၂၆ နှစ်ပြည့်သည့် ဝန်ထမ်းများနှင့် ဝန်ထမ်းကောင်းတံဆိပ် ရရှိသူများကို မော်တော်ကား တင်သွင်းခွင့်ပေးမည့် အစီအစဉ်၏ လက်ရှိအခြေအနေ၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်း ၏ ကနဦးစီမံကိန်းများ၊ နယ်စပ်စီးပွား ရေးဇုန် ဖော်ဆောင်ရန် ဖြေပြင်ကွင်း ဆင်းလုပ်ငန်းများနှင့် နယ်စပ် ကုန်သွယ်ရေး လုပ်ငန်းများအတွက် ဆောင်ရွက်နေမှု အခြေအနေ၊ အရန် ဆန်နှင့် ဆီ ဝယ်ယူစုဆောင်းခဲ့မှု အခြေ အနေ၊ နိုင်ငံပိုင် ဂိုဒေါင်များ ပုဂ္ဂလိကသို့ လွှဲပြောင်းမှုပုံစံနှင့် လွှဲပြောင်းပေး ခဲ့သည့် အရေအတွက်နှင့် နိုင်ငံပိုင် ဂိုဒေါင်များနည်းပါးလာသည့်အတွက် တွေ့ကြုံရသည့်အခြေအနေ၊ ကန့်ပိုက် တီ နယ်စပ်စီးပွားရေးဇုန် အကောင် အထည်ဖော် ဆောင်ရွက်နေမှုအခြေ အနေ၊ တရုတ်နိုင်ငံဘက်မှ ကုန်တင်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလ ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်ထူး ရှင်းလင်းပြောကြားစဉ်။

■ စာမျက်နှာ ၉ သို့ ■

■ စာမျက်နှာ ၈ မှ

ကားများ ဝင်ထွက်သွားလာနေမှုနှင့် အခွန်ကောက်ခံမှု အခြေအနေ၊ ဈေးကွက်အသစ်များရှာဖွေနိုင်မှု ရှိ/မရှိတို့နှင့်စပ်လျဉ်း၍ မေးမြန်းကြရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

MyCO ကျင့်သုံး

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၏ ပြည်သူ့အတွက် စတုတ္ထ(၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှု နှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက ပထမဦးဆုံးအနေ ဖြင့် ကုမ္ပဏီနှင့်ပတ်သက်သည့် ကိစ္စ များကို တင်ပြလိုပါကြောင်း၊ အားလုံး သိပြီးဖြစ်သည့်အတိုင်း ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၁ ရက်ကစပြီး မိမိတို့၏ ကုမ္ပဏီဥပဒေသစ်ကို စတင် ကျင့်သုံးခဲ့ပါကြောင်း၊ ကုမ္ပဏီဥပဒေ သစ် စတင်ကျင့်သုံးသည်နှင့် တစ်ဆက် တည်းတွင် အီလက်ထရောနစ် မှတ်ပုံ တင်စနစ်ဖြစ်သည့် MyCO ကို တစ်နိုင်ငံလုံးတွင် ကျင့်သုံးခဲ့ပါ ကြောင်း။ ကျင့်သုံးခဲ့သည့်အတွက် ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများသည် များစွာ သက်သာလွယ်ကူသွားပါ ကြောင်း၊ ကုန်ကျစရိတ်များလည်း များစွာသက်သာသွားပါကြောင်း။

ထို့ပြင် အကျိုးရလဒ်အနေဖြင့် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၁ ရက် မတိုင်မီ မှတ်ပုံတင်ခဲ့သည့် ကုမ္ပဏီအဟောင်း များ ပြန်လည်မှတ်ပုံတင်ခြင်း ၄၆၃၃၇ ခုရှိခဲ့ပါကြောင်း၊ ဇွန် ၁၉ ရက်အထိ ကုမ္ပဏီဥပဒေသစ်နှင့် ပြန်လည်မှတ်ပုံ တင်သည့် ကုမ္ပဏီများ အနေဖြင့် အခက်အခဲများ တတ်နိုင်သမျှ လျော့နည်းသွားအောင် ဆောင်ရွက်ပေးပါကြောင်း။

ထိုသို့ ဆောင်ရွက်ပေးခဲ့သည့် အတွက် ပြီးခဲ့သည့်နှစ် ကမ္ဘာ့ဘဏ်က ထုတ်ပြန်ခဲ့သည့် စီးပွားရေးလုပ်ငန်း လုပ်ဆောင်ခြင်း အစီရင်ခံစာ(၂၀၂၀) တွင် မိမိတို့နိုင်ငံ၏ အဆင့်သည် စီးပွားရေးလုပ်ငန်း စတင်ခြင်း ခေါင်းစဉ်အောက်တွင် အညွှန်းကိန်း အဆင့် ၇၀ ကို ရောက်ရှိခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံသည် ၂၀၁၄ ခုနှစ်ကစပြီး ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်း စတင်ခြင်းအစီရင်ခံစာ၌ ထည့်သွင်း အကဲဖြတ်ခြင်းတွင် ပါဝင်သည့် နိုင်ငံ တစ်ခုဖြစ်ပါကြောင်း၊ စတင်အကဲဖြတ် သည့်နှစ် ၂၀၁၄ ခုနှစ်တွင် မိမိတို့နိုင်ငံ သည် နောက်ဆုံးအဆင့် ၁၈၉၊ အကဲ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလ ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး ရှင်းလင်းပြောကြားစဉ်။

ဖြတ်နိုင်ငံ ၁၈၉ နိုင်ငံအဆင့်မှ စတင်ခဲ့ ရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိ တို့နိုင်ငံသည် နောက်ဆုံးကနေ စတင် ခဲ့ရသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ ယခုကုမ္ပဏီ ဥပဒေပြဋ္ဌာန်းပြီး သိသာ သည့် ရလဒ်များရရှိခဲ့ခြင်း ဖြစ်ပါ ကြောင်း။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် အခြေအနေအကျဉ်း ကိုလည်း ရှင်းလင်းတင်ပြလိုပါ ကြောင်း၊ ယခုနှစ် ဇွန် ၂၃ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက် သည့် လုပ်ငန်းပေါင်း ၁၈၉ ခုကို MIC မှ ခွင့်ပြုပြီနဲ့ ထုတ်ပြန်ပေးနိုင်ခဲ့ပါ ကြောင်း၊ အဆိုပါလုပ်ငန်းများမှ ရင်းနှီး မြှုပ်နှံမည့် ရင်းနှီးမြှုပ်နှံမှုပမာဏသည် အဓိကနိုင်ငံခြား ၄၃၀၇ သန်းဖြစ်ပါ ကြောင်း၊ လက်ရှိအခြေအနေအထိ အဓိကနိုင်ငံခြား ၄၃၀၇ သန်းဖြစ်ပါ ကြောင်း။

၂၀၂၀ ပြည့်နှစ်၊ ဧန်နဝါရီလမှ ဧပြီလအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့ အစိုးရင်ခံစာ

(ဆက်လက်ဖော်ပြပါမည်)

လက်သန့်ဆေးရည်နှင့် ဘက်စုံသုံးဆပ်ပြာရည်ပြုလုပ်နည်းသင်တန်းများ သင်ကြားပို့ချ

ဒီးမော့ဆို ၉နိုဝင်ဘာ ၂၄

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ကယားပြည်နယ်အတွင်း သမဝါယမအသင်းများရှိ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် စွမ်းရည်တည်ဆောက်ရေးစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သီရိမေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးသမဝါယမအသင်းလီမိတက်(ရန်ကုန်)မှ လက်သန့်ဆေးရည် ပြုလုပ်နည်းသင်တန်းကို ဒီးမော့ဆိုမြို့နယ် ခေါက်ပလော့ကျေးရွာရှိ ဒီးမော့မေအမျိုးသမီးများ မွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ အသင်းသား အမျိုးသမီး ၂၂ ဦးကို သင်ကြားပို့ချပေးခဲ့သည်။

ဆက်လက်ပြီး ဆင့်ပွားသင်တန်းအဖြစ် ဘက်စုံသုံးဆပ်ပြာရည်ပြုလုပ်နည်းသင်တန်းကို ခေတ်သစ်မဟေသီ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း ဥက္ကဋ္ဌ ဒေါ်များမြောက လွှင်ကော်မြို့နယ်ရှိ နောင်ယားရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၊ ရွှေကိန္နရီစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်၊ ခုနစ်စင်ကြယ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း လီမိတက်တို့မှ အသင်းသား ၁၁ ဦးကို သင်ကြားပို့ချပေးခဲ့သည်။

သင်တန်းများကို သင်ကြားပို့ချရာတွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ချမှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြပြီး လူစုလူဝေး မဖြစ်စေဘဲ သီးခြားစနစ်ဖြင့် တစ်အိမ်တက်/ဆင်း ပို့ချပေးခဲ့ကြောင်း သိရသည်။ ကြေးမုံ

ဒိုက်ဦးမြို့နယ်၌ ဂရန်အင်များ လေလံတင်ရောင်းချခြင်းနှင့် တင်ဒါပိုက်ချက်များ အိတ်ဖွင့်တင်ဒါရောင်းချပွဲ ကျင်းပ

ဒိုက်ဦး ၉နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ လုပ်ငန်းရာသီနှစ် ဂရန်အင်းများ ဒုတိယအကြိမ် လေလံတင်ရောင်းချခြင်းနှင့် တင်ဒါပိုက်ချက်များ ပထမအကြိမ် အိတ်ဖွင့်တင်ဒါရောင်းချခြင်းအခမ်းအနားကို ၉နိုဝင်ဘာ ၂၂ ရက်က ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်၊ ပဲခူးတိုင်းဒေသကြီး လေလံတင်ရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ဝင် ဒုတိယညွှန်ကြားရေးမှူး ဦးသက်အေးတို့က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပဲခူးခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်နိုင်က လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ပဲခူးတိုင်းဒေသကြီး လေလံတင်ကြေးကြပ်ရေးကော်မတီဝင်များနှင့် ရောင်းချရေးအဖွဲ့ဝင်များ၊ အင်းဂရန်ကိုင်များ၊ တင်ဒါငါးဖမ်းလုပ်ကိုင်သူများနှင့် လေလံဆွဲဝယ်သူများ တက်ရောက်ခဲ့ကြသည်။

လေလံတင်ရောင်းချပွဲသို့ တက်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် နာခေါင်းစည်းများ ဝတ်ဆင်ဝင်ရောက်စေခြင်း၊ လက်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်းများကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့သည်။ သတင်းစဉ်

တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က ကြက်သွန်နီများ ဖြန့်ဖြူးရောင်းချ

ဆိပ်ဖြူ ၉နိုဝင်ဘာ ၂၄

တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သည် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ ဆိပ်ဖြူမြို့နယ်သမဝါယမအသင်းစုတို့နှင့် ချိတ်ဆက်ညှိနှိုင်း၍ ဆိပ်ဖြူမြို့နယ်ရှိကြက်သွန်နီစိုက်တောင်သူများ စိုက်ပျိုးထုတ်လုပ်သော ကြက်သွန်နီများကို တစ်ပိသာလျှင် ငွေကျပ် ၄၉၀ နှုန်းဖြင့် ပိသာ ၆၀၀၀ ဝယ်ယူ၍ တနင်္သာရီတိုင်းဒေသကြီးရှိ သမဝါယမအသင်းသားနှင့် ပြည်သူများအား အဖြတ်အစွန်းမယူဘဲ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် အတွက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ကြေးမုံ

မြန်မာ့ပင်လယ်ပြင် နေ့ပြည်တော် ၉နိုဝင်ဘာ ၂၄

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့် ရှိနိုင်သည်။ မိုး/၈လ

နောက် နှစ်ရက်အတွက် ခန့်မှန်းချက် နေ့ပြည်တော် ၉နိုဝင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ မိုး/၈လ

ညောင်လေးပင်မြို့၌ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်

ညောင်လေးပင် ၉နိုဝင်ဘာ ၂၄

ညောင်လေးပင်မြို့နယ် ကျေးလက်ဦးစီးဌာနမှ မြစ်မဲရောင်စီမံကိန်း အတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်လျက်ရှိသော ဖိုးတုပ္ပါကျေးရွာအုပ်စု ဇီးကုန်းလေးကျေးရွာတွင် လျှပ်စစ်မီး သွယ်တန်းပြီးစီးနေမှုကို မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်ဇင်ဝင်းနှင့်ဝန်ထမ်းများ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့်အတူ ယမန်နေ့က ကြည့်ရှုစစ်ဆေးပြီး ကျေးရွာနေပြည်သူများ လျှပ်စစ်မီး သုံးစွဲနိုင်ရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါ မီးလင်းရေးလုပ်ငန်းကို မြစ်မဲရောင်စီမံကိန်း အတိုးရငွေကျပ် ၁၀၇ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၈၇ ဒသမ ၃ သိန်း စုစုပေါင်း ကုန်ကျငွေကျပ် ၃၉၄ ဒသမ ၃ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာနေပြည်သူများ လျှပ်စစ်မီးကို ရာသီမရွေးသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

နေလင်း (ညောင်လေးပင်)

ခန္ဓီးရတနာနယ်မြေ၊ နန်ဆီပွန်နှင့် မကျန်ခဒေသရှိ ကျောက်စိမ်းတူးဖော်နေသည့် လုပ်ကွက်များတွင် မိုးရာသီကာလ မြေပြိုမှုများဖြစ်ပေါ်

ခန္ဓီး ၉နိုဝင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးရတနာနယ်မြေ၊ နန်ဆီပွန်မှော်နှင့် မကျန်ခမှော်ဒေသရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ကွက်များနှင့် မြေစာပုံများတွင် ယခုမိုးရာသီအတွင်း မြေပြိုမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"ဖားကန့်မှာ မြေပြိုမှုတွေဖြစ်ပေါ်နေတယ်လို့ သိရတယ်။ ဖားကန့်လိုပဲ ခန္ဓီးရတနာမြေမှာ ကျောက်မျက်တူးဖော်တဲ့ လုပ်ငန်းတွေရှိတယ်။ နန်ဆီပွန်မှော်နဲ့ မကျန်ခမှော်တွေပါ။ ဒီမှော်တွေမှာလည်း မိုးတွင်းကာလ တူးဖော်ရေးလုပ်ငန်းတွေ လုပ်နေတာ ဖြစ်တဲ့အတွက် မြေပြိုကျမှုတွေ ဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ ကျောက်စိမ်းတူးဖော်နေတဲ့ ကုမ္ပဏီတွေအနေနဲ့ ယခုမိုးတွင်းကာလမှာ အပေါ်ယံမြေဆီလွှာဖယ်ရှားတူးဖော်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ အပေါ်ယံမြေဆီလွှာတွေ ဖယ်ရှားရင်းလင်းတာဟာ ဝိတ်လျှော့တဲ့ သဘောပါ။ ပြီးခဲ့တဲ့နှစ်က ကျောက်စိမ်းတူးဖော်ခဲ့တဲ့ ကျောက်နံရံတွေဟာ ပြတ်ရွေ့တွေကြောင့် အက်ကွဲကြောင်းတွေ ဖြစ်ပေါ်တယ်။ မိုးရေတွေက အက်ကွဲကြောင်းအတွင်း စိမ့်ဝင်နေတာကြောင့် မြေပြိုမှုတွေဖြစ်ပေါ်ခြင်းဖြစ်ပါတယ်" ဟု နန်ဆီပွန်မှော်တွင် ကျောက်စိမ်းတူးဖော်နေသည့် ကုမ္ပဏီတစ်ခုမှ တာဝန်ခံ ဦးချစ်ခိုင်က ပြောသည်။

ပြီးခဲ့သည့်နှစ် မိုးတွင်းကာလက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နန်ဆီပွန်မှော်နှင့် မကျန်ခမှော်တို့ရှိ ကျောက်စိမ်း တူးဖော်နေသည့် လုပ်ကွက်များနှင့် စွန့်ပစ်ဖြစေစာပုံတွင် မြေပြိုကျမှုများဖြစ်ပွားခဲ့ပြီး ရေမဆေး ကျောက်ရာသူအချို့ အသက်ဆုံးရှုံးခဲ့သည်။ လက်ရှိအချိန် နေရာအချို့၌ မြေပြိုကျမှု ဖြစ်ပေါ်နေသော်လည်း ကြီးမားသည့် ထိခိုက်မှုမျိုး မရှိသေးကြောင်း သိရသည်။

ခန္ဓီးရတနာနယ်မြေ နန်ဆီပွန်မှော်နှင့် မကျန်ခမှော်တို့တွင် ကုမ္ပဏီပေါင်း ၇၀ ကျော်တို့မှ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ကုမ္ပဏီများအနေဖြင့် မိုးတွင်းကာလ ကျောက်နံရံများအတွင်း မိုးရေစိမ့်ဝင်မှုကြောင့် အက်ကွဲကြောင်းများ ဖြစ်ပေါ်၍ မြေပြိုကျနိုင်သည့် အန္တရာယ်ဖြစ်ပေါ်နိုင်သော အခြေအနေများ တွေ့ရှိရသော်လည်း အပေါ်ယံမြေလွှာဖယ်ရှားခြင်း လုပ်ငန်းများအား လုပ်ငန်းလိုအပ်ချက်အရ ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

ပါလက်စတိုင်းဒုက္ခသည်များအတွက် ကုလသမဂ္ဂက အမေရိကန်ဒေါ်လာ သန်း ၁၃၀ မတည်

ကုလသမဂ္ဂ ဇွန် ၂၄

ကုလသမဂ္ဂအဖွဲ့ဝင် အစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း ၇၅ ခုတို့သည် ပါလက်စတိုင်းဒုက္ခသည်များအတွက် အရေးပေါ် အကူအညီတောင်းဆိုထားမှုကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ဒေါ်လာသန်း ၁၃၀ ကူညီရန် ကတိပြုခဲ့ကြောင်း ကုလသမဂ္ဂအေဂျင်စီတစ်ခုက ပြောကြားခဲ့သည်။

ထုတ်ပြန်ခဲ့

အရှေ့ဂျေရုဆလင်ရှိ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် အလုပ်အကိုင်အေဂျင်စီက ယမန်နေ့တွင် ပြုလုပ်သည့် အွန်လိုင်းအစည်းအဝေးတစ်ခု၌ ပါလက်စတိုင်းဒုက္ခသည်များအတွက် အကူအညီ ပေးရေးကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမတည်ငွေကြေးသည် ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် အလုပ်အကိုင်အေဂျင်စီက မျှော်မှန်းထားသောပမာဏ၏ သုံးပုံတစ်ပုံရှိခဲ့ကြောင်းလည်း ယင်းအေဂျင်စီက ပြောကြားခဲ့သည်။ ယမန်နေ့က ပြုလုပ်သည့် အွန်လိုင်း အစည်းအဝေးကို ကျော်ဒန်နိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပါလက်စတိုင်းဒုက္ခသည်များအတွက် အရေးပေါ်အကူအညီလိုအပ်နေခြင်းမှာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ပါလက်စတိုင်းဒုက္ခသည်အသိုက်အဝန်း အတွင်း လိုအပ်ချက်များ ပိုမိုကြုံတွေ့နေရခြင်းကြောင့်ဖြစ်ကြောင်းလည်း ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် အလုပ်အကိုင်အေဂျင်စီ၏ အကြီးအကဲ ဖီးလစ်ပီ လက်ဇာရီနီက မှတ်ချက်ပြုပြောကြားခဲ့သည်။

ကိုးကား-အင်နဲအိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

တရုတ်၊ ရုရှားနှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးများ ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေး

ပေကျင်း ဇွန် ၂၄

တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် ယမန်နေ့က ရုရှား၊ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးတို့နှင့် ဗီဒီယိုကွန်ဖရင့် တစ်ခုကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ပူးတွဲတိုက်ဖျက်ခြင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ခြင်းနှင့် နိုင်ငံတကာတရားမျှတမှု ကာကွယ် ခြင်းဖြင့် ကျန်ရှိသော ကမ္ဘာ့နိုင်ငံများ အတွက် အပြုသဘောဆောင်သော ကနဦးလုပ်ဆောင်ချက်များပြုလုပ်ရန် တိုက်တွန်းပြောကြားလိုက်သည်။

တရုတ်၊ ရုရှားနှင့် အိန္ဒိယနိုင်ငံတို့က ပွင့်လင်းမှု၊ ညီညွတ်မှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်သင့်ကြောင်း၊ မဟာဗျူဟာမြောက် လွတ်လပ်မှုကိုလိုက်နာသည့် အရေးပါသော နိုင်ငံများဖြစ်ကြောင်း၊ သုံးနိုင်ငံ စလုံးက ပူးပေါင်းဆောင်ရွက်မှု အခြေ အနေတွင် ရရှိလာသော အခွင့်အလမ်း များကို အဓိကရ ဆုပ်ကိုင်သင့်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးတွင် ထိခိုက်လွယ် သောအချက်များကို မှန်မှန်ကန်ကန် သင့်တင့်လျောက်ပတ်စွာ ကိုင်တွယ် ဖြေရှင်းသင့်ကြောင်း ဝမ်ယီကပြော သည်။

သုံးနိုင်ငံစလုံးက နိုင်ငံစုံမူဝါဒ ဆုပ်ကိုင်ရန်၊ ကုလသမဂ္ဂ ပဋိညာဉ် စာတမ်း၏ရည်ရွယ်ချက်များ၊ အခြေခံ စည်းမျဉ်းများကို စောင့်ထိန်းရန်နှင့် ကုလသမဂ္ဂအဖွဲ့၏ လုပ်ပိုင်ခွင့် အာဏာနှင့် ထိရောက်မှုကို သေချာ စေရန် ၎င်းက တိုက်တွန်းခဲ့သည်။ သုံးနိုင်ငံစလုံးက ကုလသမဂ္ဂအဖွဲ့၏ မူဘောင်အတွင်း ဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သင့် ကြောင်း၊ လက်တွေ့ကျသော၊ ထိရောက်သော ပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်သင့်ကြောင်း၊ ကမ္ဘာ့ငြိမ်း ချမ်းရေး ကာကွယ်စောင့်ရှောက်ရေး နှင့် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး တွင် အထူးသဖြင့် ကမ္ဘာ့စိန်ခေါ်မှုများ ဖြေရှင်းရာတွင် ကုလသမဂ္ဂအဖွဲ့၏ အခန်းကဏ္ဍကို မြှင့်တင်သင့်ကြောင်း ၎င်းကဆိုသည်။

တောင်းဆို့ခဲ့

ယခုနှစ်မှာ ဒုတိယကမ္ဘာစစ်အောင် မြင်မှုနှင့် ကုလသမဂ္ဂအဖွဲ့ တည်ထောင် မှု (၇၅) နှစ်ပြည့် အထိမ်းအမှတ်နှစ် ဖြစ်ရာ ဒုတိယကမ္ဘာစစ်အောင်ပွဲ၏ အသီးအပွင့်များကို ကာကွယ်စောင့် ရှောက်ရန် ဝမ်ယီက သုံးနိုင်ငံစလုံးအား တောင်းဆိုခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ကျော်ထိုက်စိုး

တောင်ကိုရီးယားအား ဆန့်ကျင်သော စစ်ရေးလှုပ်ရှားမှုပြုလုပ်မည့်အစီအစဉ် မြောက်ကိုရီးယား ရပ်ဆိုင်း

ပြိုယမ်း ဇွန် ၂၄

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် တောင်ကိုရီးယားနိုင်ငံအား ဆန့်ကျင်သော စစ်ရေးလှုပ်ရှားမှု ပြုလုပ်မည့်အစီအစဉ်ကို ရပ်ဆိုင်းလိုက်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာက သတင်းဖော်ပြခဲ့သည်။

ဇွန် ၂၄ ရက်က ပြုလုပ်သည့် ဗဟိုစစ်ရေးကော်မရှင်၏ ပဏာမတယ်လီ ကွန်ဖရင့်အစည်းအဝေးတစ်ခုအတွင်း ကင်ဂျုံအန်က အထက်ပါအတိုင်း ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားအာဏာရပါတီ သတင်းစာ ရိုဒန်ဆင်မွန်က သတင်းဖော်ပြခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဗဟိုကာကွယ်ရေးကော်မရှင်က လက်ရှိအခြေအနေကို ဆန်းစစ်ခဲ့ပြီး မြောက်ကိုရီးယား ပြည်သူ့တပ်မတော်က လုပ်ဆောင်ရန်စီစဉ်ထားခဲ့သည့် တောင်ကိုရီးယားအား ဆန့်ကျင်သောစစ်ရေးလှုပ်ရှားမှုအစီအစဉ်ကို ရပ်ဆိုင်း ခဲ့ခြင်းဖြစ်ကြောင်း ရိုဒန်ဆင်မွန်သတင်းစာက ဖော်ပြခဲ့သည်။

တောင်ကိုရီးယားနိုင်ငံရှိ မြောက်ကိုရီးယားပြည်ပြေးများက မေလနောင်း ပိုင်းတွင် နယ်စပ်ဒေသတစ်လျှောက် ကင်ဂျုံအန်အား ဝေဖန်သည့်လက်ကမ်း စာစောင်များကို မိုးပျံပူဖောင်းများတွင် ချိတ်ဆွဲကာ ဖြန့်ဝေခဲ့ပြီးနောက် မြောက်ကိုရီးယား ပြည်သူ့တပ်မတော်က အစီအစဉ်လေးခု လုပ်ဆောင်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယားပြည်သူ့တပ်မတော်၏ စစ်ရေးလှုပ်ရှားမှု အစီအစဉ်များ မည်သည့်အကြောင်းကြောင့် ဖျက်သိမ်းခဲ့သည်ကိုမူ ရိုဒန်ဆင်မွန် သတင်းစာက ဖော်ပြခဲ့ခြင်းမရှိခဲ့ပေ။

ကိုးကား-အင်နဲအိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်

ကိုဗစ်-၁၉ ရောဂါကူးစက်မှုများမြင့်တက်လာပြီးနောက် ဥရောပ၌ ကန့်သတ်ချက်များပြန်လည်ချမှတ်

မြူးနစ် ဇွန် ၂၄

ဂျာမနီနိုင်ငံနှင့် အခြားသောဥရောပနိုင်ငံတချို့သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက် ဖြစ်ပွားမှု နောက်တစ်ကြိမ်မြင့်တက်လာမှုကို တုံ့ပြန်သည့်အနေဖြင့် ကန့်သတ်ချက်များကို ပြန်လည်ချမှတ်လျက်ရှိကြောင်း သိရသည်။

ဂျာမနီနိုင်ငံ နေ့ခင်းဝက်စ်ဗီးလီးယားပြည်နယ်တွင် အဓိသားထုတ်လုပ် သည့်စက်ရုံတစ်ရုံမှ အလုပ်သမား ၁၅၀၀ ကျော် ရောဂါကူးစက်မှုခံခဲ့ရပြီး ၇၀၀၀ ခန့်ကို ရောဂါခြေချုပ်ဖြင့် ထားရှိခဲ့သည်။ ယင်းစက်ရုံတည်ရှိရာ ခရိုင်တစ်ခု ကိုလည်း ဇွန် ၃၀ ရက်အထိ ခရီးသွားခွင့်ပိတ်ပင်သွားမည်ဖြစ်ကြောင်း ပြည်နယ် မြို့တော်ဝန် အာမင်လက်ခ်ချက်က ယမန်နေ့တွင် ပြောကြားခဲ့သည်။ ထို့ပြင် ရုပ်ရှင်ရုံများပြတိုက်များနှင့် ရေကူးကန်များကဲ့သို့သော အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများကိုလည်း ပိတ်ထားမည်ဖြစ်သည်။

ယင်းမှာ ဂျာမနီနိုင်ငံက ဇပြီလအတွင်း ခရီးသွားလာခွင့်ပိတ်ပင်မှုများ ဖြေလျှော့ပေးခဲ့ပြီးနောက်ပိုင်း ခရိုင်အဆင့် ပထမဆုံးအကြိမ်ကန့်သတ်ချက်များ ဖြင့် တင်းကျပ်လာခဲ့ခြင်းဖြစ်သည်။ ဘာလင်နှင့် အခြားသောနယ်မြေများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်လျက်ရှိပြီး ဂျာမနီနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၀၀၀၀ ကျော်နှင့် သေဆုံးသူ ၈၉၀၀ ရှိကြောင်းလည်း သိရသည်။

ပေါ်တူဂီနိုင်ငံရှိ အာဏာပိုင်များကလည်း ကူးစက်သူအရေအတွက် ပြန်လည်မြင့်တက်လာခဲ့ပြီးနောက် လစ္စဘွန်းမြို့တွင်းနှင့် ပတ်ဝန်းကျင်ရှိ စားသောက်ဆိုင်များကို ည ၈ နာရီနောက်ပိုင်းဖွင့်လှစ်ခွင့် ပိတ်ပင်သွားမည်ဖြစ် သည်။

စပိန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ကိုရိုနာဗိုင်းရပ်စ်သည် ရာသီအလိုက် ရွေ့ပြောင်းလုပ်ကိုင်ရသည့် လယ်ယာလုပ်သားများအကြား ပျံ့နှံ့လျက်ရှိပြီး စျေးဆိုင်များနှင့် စားသောက်ဆိုင်များကိုလည်း ဝယ်ယူစားသုံးသူအရေအတွက် ကန့်သတ်ထားလျက်ရှိသည်။

ကိုးကား-အင်နဲအိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်

ဂျပန်နိုင်ငံ တိုက္ကျိုမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၅ ဦး ထပ်မံတွေ့ရှိ

တိုက္ကျိ ဇွန် ၂၄

ယနေ့ဆေးမှတ်တမ်းများအရ ဂျပန်နိုင်ငံ တိုက္ကျိမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၅ ဦးထပ်မံတွေ့ရှိခဲ့ကြောင်း တိုက္ကျိအစိုးရက ယနေ့ အတည်ပြုပြောကြားခဲ့သည်။

အဆိုပါဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်သည် မေ ၅ ရက်နောက်ပိုင်း ၅၀ ကျော်အထိ ပထမဆုံး မြင့်တက်လာခြင်းပင်ဖြစ်သည်ဟု ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ ထို့ပြင် နိုင်ငံအတွင်း၌ အရေးပေါ်အခြေအနေ ပြန်လည်ရုပ်သိမ်းခဲ့သည့် မေ ၂၅ ရက်ကစပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် အများဆုံးတွေ့ရှိခြင်းဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ပြောကြားခဲ့သည်။

ထပ်မံတွေ့ရှိခဲ့သော ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၅ ဦးမှာ နို့ကိကလပ်များ အပါအဝင် လုပ်ငန်းခွင်နေရာအသီးသီးတို့မှဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

လက်ရှိအချိန်အထိ တိုက္ကျိမြို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေ အတွက် ၅၈၅၉ ဦးရှိကြောင်း သိရသည်။

ကိုးကား-အင်နဲအိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ၁၅၉၆၈ ဦး ကိုဗစ်-၁၉ ရောဂါ စံချိန်တင်ကူးစက်ခံရပြီး ၄၆၅ ဦးသေဆုံး

နယူးဒေလီ ဇွန် ၂၄

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၉၆၈ ဦး စံချိန်တင်တွေ့ရှိခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၆၁၈၅ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထို့အတူ အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၄၆၅ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၄၅၇၇ ဦး ရှိလာကြောင်း သိရသည်။

အမြင့်ဆုံးဖြစ်လာ

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက် တစ်ရက်တာ အတွင်း ၁၅၉၆၈ ဦး ကူးစက်ခံရမှုပမာဏသည် ကူးစက်မှုနှုန်း အမြင့်ဆုံးဖြစ်လာ ခဲ့ကြောင်း သိရသည်။

သို့သော် နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၂၆၁၆၈၂ ဦးသည် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ လက်ရှိ အချိန်တွင် လူနာ ၁၈၃၀၂၂ ဦးသာ ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှုခံယူလျက် ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထပ်မံပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကြောင့် အသွားအလာကန့်သတ်မှုများကို ဖြေလျှော့ရန် သင့်/မသင့်နှင့် ပတ်သက်၍ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်ဝန်ကြီးချုပ်များနှင့်အတူ ပြီးခဲ့သည့် သီတင်းပတ်က ဗီဒီယိုကွန်ဖရင့်ဖတစ်ဆင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရ သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ကျေတီ

ကြေးမုံ

နျူကလီးယားလက်နက်ထိန်းချုပ်ရေး သဘောတူညီမှုစာချုပ် သက်တမ်းတိုးမြှင့်ရေး အမေရိကန်နှင့် ရုရှားတို့ ဆွေးနွေး

ဝါရှင်တန် ဇွန် ၂၄

အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံအကြား ချုပ်ဆိုထားသော နျူကလီးယားလက်နက်ထိန်းချုပ်ရေး သဘောတူညီမှု ကာလထပ်မံတိုးမြှင့်ရေးနှင့်ပတ်သက်ပြီး နှစ်နိုင်ငံ အဆင့်မြင့် တာဝန်ရှိသူများက ဇွန် ၂၂ ရက်တွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အမေရိကန်အထူးကိုယ်စားလှယ် မာရှယ်ဘီလင်စ်လာနှင့် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ရယ်ကို့ဗ်တို့သည် ဇွန် ၂၂ ရက်က ဗီယင်နာမြို့၌ တွေ့ဆုံကာ ဖေဖော်ဝါရီလတွင် သက်တမ်းကုန်လွန်ခဲ့သည့် နျူကလီးယားလက်နက်ထိန်းချုပ်ရေးစာချုပ်ကို သက်တမ်းထပ်မံတိုးမြှင့်ရေးနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့သည်။

အဆိုပါ သဘောတူညီမှုစာချုပ်သည် ၂၀၁၁ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့ပြီး နျူကလီးယားလက်နက်လျှော့ချရေး၊ တိုက်ချင်းပစ်ခုံးကျည်များအပါအဝင် အခြားကာကွယ်ရေးလက်နက်များ ထုတ်လုပ်မှုကို လျှော့ချပစ်ရန် နှစ်နိုင်ငံ အနေဖြင့် အဆိုပါစာချုပ်ကို သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

ယခုဆွေးနွေးပွဲသည် နှစ်နိုင်ငံ နျူကလီးယားလက်နက်ထိန်းချုပ်ရေးအတွက် အလွန်အရေးပါသည့် ဆွေးနွေးပွဲတစ်ခုဖြစ်ကြောင်းနှင့် နှစ်နိုင်ငံအနေဖြင့် နည်းပညာဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့များ ဖွဲ့စည်းရန်သဘောတူညီခဲ့ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ရယ်ကို့ဗ်က ပြောကြားခဲ့သည်။

ထို့ပြင် ယင်းကိစ္စနှင့်ပတ်သက်ပြီး ဇူလိုင်လနှောင်းပိုင်း (သို့မဟုတ်) သြဂုတ်လအစောပိုင်းတွင် ဗီယင်နာမြို့၌ ထပ်မံဆွေးနွေးကြရန် သဘောတူညီခဲ့ပါကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သို့သော် ဝါရှင်တန်နှင့် မော်စကိုတို့က အဆိုပါ နျူကလီးယားလက်နက်ထိန်းချုပ်ရေး သဘောတူညီမှုကို ယခင်အတိုင်း ဆက်လက်ထားရှိသွားမည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်ဟု စောင့်ကြည့်လေ့လာသူများက ဆိုသည်။

အမေရိကန်အထူးကိုယ်စားလှယ် မာရှယ်ဘီလင်စ်လာ ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ရယ်ကို့ဗ်

ကိုးကား - အင်နှစ်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

ပါရီမြို့ရှိ အီဖယ်မျှော်စင်ကို ဇွန် ၂၅ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်

ပါရီ ဇွန် ၂၄

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ အီဖယ်မျှော်စင်ကို နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ရက်ပေါင်း ၁၀၀ ခန့် ပိတ်ထားခဲ့ပြီးနောက် ဇွန် ၂၅ ရက်တွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သည်။

ကူးစက်မှုများကို ကာကွယ်ရေးအတွက် လုပ်ဆောင်ထားသည့် သန့်ရှင်းရေး အစီအမံသစ်များကို ဖော်ထုတ်ပြသနိုင်ရန် သတင်းစာဆရာများအား အဆိုပါ အီဖယ်မျှော်စင်သို့ လာရောက်ရန် ယနေ့ ဖိတ်ကြားခဲ့ကြောင်း သိရသည်။

လာရောက် လည်ပတ်သူအရေအတွက်ကိုမူ ပုံမှန်လူဦးရေ၏ ထက်ဝက်အထိ ကန့်သတ်သွားမည်ဖြစ်ကြောင်းနှင့် လာရောက်လည်ပတ်သူများအနက်မှ အသက် ၁၁ နှစ်နှင့် အထက်ရှိသူများသည် နှာခေါင်းစည်း ဝတ်ဆင်ရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တစ်မီတာခွဲအကွာအဝေးဖြင့် ခပ်ခွာခွာနေထိုင်ခြင်း စည်းမျဉ်းကို လိုက်နာရန်လည်း အများပြည်သူတို့အား တိုက်တွန်းထားသည်။ လာရောက် လည်ပတ်သူများကို ဓာတ်လေကား အသုံးပြုမှုကို ခွင့်ပြုဦးမည်မဟုတ်သောကြောင့် ၁၁၅ မီတာအမြင့်ရှိသည့် ဒုတိယထပ်သို့ လေ့ကားဖြင့်သာ တက်ရောက်ရမည်ဖြစ်သည်။

ပြင်သစ်နိုင်ငံအစိုးရသည် ပြီးခဲ့သည့်လကတည်းက အသွားအလာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့ပြီး အီဖယ်မျှော်စင် ပြန်လည် ဖွင့်လှစ်ခြင်းသည် နွေရာသီအားလပ်ရက်ကာလမတိုင်မီ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာရေး ကြိုးပမ်းမှုများအနက်မှ တစ်စိတ်တစ်ဒေသ ဖြစ်သည်။

ပြင်သစ်နိုင်ငံ ပါရီမြို့၏ အခြားသော အထိမ်းအမှတ်တစ်ခုဖြစ်သည့် Louvre ပြတိုက်ကိုလည်း ဇူလိုင် ၆ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ဗာဆိုင်းနန်းတော်ကိုမူ လက်ရှိအချိန်တွင် ပြန်လည် ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်နှစ်အိတ်ချ်ကေ
ဘာသာပြန် - အလင်းသစ်

ကမ္ဘာ့အဆင့်တစ် အမျိုးသားတင်းနစ်ချန်ပီယံ ဂျိုကိုဗစ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

နယူးယောက် ဇွန် ၂၄

ကမ္ဘာ့အဆင့်တစ် အမျိုးသားတင်းနစ်ချန်ပီယံ ဂျိုကိုဗစ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း ယမန်နေ့ဆေးမှတ်တမ်းတစ်ရပ်အရ သိရသည်။

အန်ဒရီယာတင်းနစ်ကစားပွဲတွင် ပါဝင်ကစားခဲ့သည့် ကစားသမားများ ရောဂါပိုး ရှိမရှိဆေးစစ်မှုခံယူရာမှ ဂျိုကိုဗစ်တွင် ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း သိရှိခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၎င်း၏မိသားစုဝင်များတွင်လည်း ဗိုင်းရပ်စ် ကူးစက်ခံထားရသည်ဟု ဂျိုကိုဗစ်က ဆိုသည်။ အန်ဒရီယာတင်းနစ်ပြိုင်ပွဲ၏ ပထမပွဲစဉ်များကို ခရိုအေးရှားနှင့် ဂျိုကိုဗစ်၏ ဧာတိနိုင်ငံဖြစ်သော ဆားဘီးယားနိုင်ငံများတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

တင်းနစ်ချန်ပီယံ ဂျိုကိုဗစ်သည် ဗိုင်းရပ်စ်ကူးစက်ခံထားရသော်လည်း မည်သည့်ရောဂါလက္ခဏာမျှ ပြသခြင်းမရှိကြောင်း ပြိုင်ပွဲစီစဉ်သူတစ်ဦးက ဆိုသည်။ ဗိုင်းရပ်စ်ကူးစက်ခံထားရသည့်အတွက် လက်ကျန်ပွဲစဉ်အားလုံးကို ဖျက်သိမ်းခဲ့ကြောင်း ပြိုင်ပွဲစီစဉ်သူက ဆက်လက်ပြောကြားခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်မှုများ လျော့ကျခဲ့သည့်အတွက် တင်းနစ်ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ဂျိုကိုဗစ်က ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ဗိုင်းရပ်စ်ကူးစက်မှုသည် ဆက်လက်ရှိနေဆဲပင်ဖြစ်ကြောင်းနှင့် ကျန်းမာရေးကောင်းမွန်ရန် အဓိကကြိုးစားသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ကိုးကား - အင်နှစ်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

မက္ကဆီကိုနိုင်ငံတွင် အင်အား ၇ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်၊ ဆူနာမီသတိပေးချက်ထုတ်ပြန်ထား

မက္ကဆီကန်စီးတီး ဇွန် ၂၄

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသတွင် ပြင်းအား ၇ ဒသမ ၄ အဆင့်ရှိ ငလျင်တစ်ခု ယနေ့ လူပ်ခတ်ခဲ့ရာ လေးဦးသေဆုံးပြီး ထိခိုက်ဒဏ်ရာရမှုများ အများအပြား ရှိခဲ့သည်။

ထို့ပြင် ငလျင်လှုပ်ခတ်မှုကြောင့် အာဖရိကတောင်ပိုင်းနှင့် အလယ်ပိုင်းရှိ ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ ငလျင်သည် အော့ဆာကာ မြို့တောင်ဘက် ၁၄၅ ကီလိုမီတာ အကွာအဝေးရှိ ကမ်းရိုးတန်းဒေသတစ်ခုကို ဗဟိုပြုပြီး လှုပ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း အမေရိကန်ဖိုးလေဝသနှင့် ဧလဗေဒစောင့်ကြည့်ရေးအဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် မက္ကဆီကန်စီးတီးမြို့တော်အတွင်းရှိ အဆောက်အအုံတချို့ ပြိုကျပျက်စီးခဲ့သည်။

ငလျင်လှုပ်ခတ်စဉ် အော့ဆာကာ မြို့ရှိ ဒေသခံပြည်သူများက လမ်းမများပေါ်သို့ ပြေးထွက်လာကြကြောင်းနှင့် အဆောက်အအုံတစ်ခု ပြိုကျပျက်စီးခဲ့ပြီး အပျက်အစီးများ လမ်းမပေါ်သို့ ပြန့်ကျဲလျက်ရှိကြောင်း ဗီဒီယိုဖိုင်တစ်ခုတွင် တွေ့မြင်ရသည်။

ထို့ပြင် အဆိုပါ အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် အော့ဆာကာနှင့် အာကာပူကိုပြည်နယ်များတွင် ဆူနာမီရေလှိုင်းများ ထွက်ပေါ်လာသည်ဟု ပစိဖိတ် ဆူနာမီသတိပေးစင်တာက ဆိုသည်။

ငလျင်ဗဟိုချက်နှင့်နီးသော ဒေသများရှိ ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်သွားကြောင်းနှင့် အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မက္ကဆီကိုသမ္မတ အန်ဒရူးစ်မက်နျူရယ် လိုပက်ဇ်အိုဘရာဒိုက ပြောကြားခဲ့သည်။

မက္ကဆီကိုနိုင်ငံသည် အင်အားပြင်း ငလျင်အများအပြား လှုပ်ခတ်လေ့ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၂၀၁၇ ခုနှစ်က ရက်သတ္တနှစ်ပတ်အတွင်း အင်အားပြင်းငလျင်နှစ်ခု လှုပ်ခတ်ခဲ့ရာ ပြည်သူ ရာနှင့်ချီ သေဆုံးခဲ့ပြီး အဆောက်အအုံများလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ကိုးကား - အင်နှစ်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

■

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ - ၉၃၉၄၉၅၆ ဦး

သေဆုံးသူ - ၄၈၀၆၂၅ ဦး

ပြန်လည်ကျန်းမာလာသူ - ၅၀၇၉၄၇၇ ဦး

ချင်းပြည်နယ် ဆူရှဘုန်လေဆိပ်၌ တပ်ဆင်ထားသည့် တိုင်းတာရေးစက်များအား လေယာဉ်ပျံသန်း၍ စစ်ဆေးသွားမည်

နေပြည်တော် ၆နှစ် ၂၄

ချင်းပြည်နယ် ဖလမ်းမြို့၌ တည်ဆောက်နေသည့် ဆူရှဘုန်လေဆိပ်မှာ ယခုအခါ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး အဆိုပါလေဆိပ်တွင် တပ်ဆင်ထားသည့် လေကြောင်းလမ်းညွှန်စက်၊ အလိုအလျောက် မိုးလေဝသတိုင်းတာရေးစက်အပါအဝင် စက်ကိရိယာများအား ၆နှစ် ၂၅ ရက်မှ ၂၇ ရက်အထိ လေယာဉ်ပျံသန်း၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ပြောကြားသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး

“ကျွန်တော်တို့ စမ်းသပ်စစ်ဆေးမှာ ကတော့ DVOR နဲ့ DME ဆိုတဲ့ လေကြောင်း လမ်းညွှန်စက်တွေကို စစ်ဆေးမယ်။ ဒီစက်ကိရိယာတွေကို လေယာဉ်ပျံသန်းပြီး လေထဲကနေ စစ်ဆေးမှာဖြစ်တယ်။ DVOR ဆိုတာက လေယာဉ်နဲ့ မြေပြင်ရဲ့ တည်နေရာကို ပြပေးတဲ့စက်ဖြစ်ပါတယ်။ ဒီစက်က လေယာဉ်ကွင်း တည်နေရာကို ပြပေးမယ်။ ပုံတင်သံလွင်းတွေနဲ့ တောင်တွေ ဘယ်နေရာမှာ ရှိတယ်ဆိုတာကို လေယာဉ်မှူးကို သတင်းပေးမယ်။ ဒီစက်က မိုင် ၅၀ ကနေ မိုင် ၁၅၀ အတွင်း တောင်အနိမ့်အမြင့်၊ ရာသီဥတုအခြေအနေ၊ တောင်အခြေအနေ၊ လမ်းကြောင်းမှန်၊ မမှန်၊ တိမ်ထူထပ်မှု အခြေအနေနဲ့ ပြေးလမ်းတည်နေရာ ဘယ်နေရာမှာရှိတယ်ဆိုတာကို ဒီစက်ကနေ Automatic System နဲ့ လေယာဉ်ကို ပို့ပေးမယ်။ ဒီစက်တွေ တကယ် အလုပ် လုပ်၊ မလုပ် လေယာဉ်ပျံသန်းပြီး စစ်ဆေးမယ်။ လေယာဉ်က လိုအပ်ရင်ဆင်းမယ်၊ မလိုအပ်ရင် မဆင်းပါဘူး။

“လေယာဉ်ကွင်း အကွာအဝေး ဘယ်လောက်ရှိနေတယ်၊ ဘယ်နှမိုင်လောက် ဝေးသေးတယ်၊ အမြင့် ဘယ်လောက်ရှိတယ်ဆိုတာကို အချက်ပြတဲ့စက်ကိုလည်း စမ်းသပ်စစ်ဆေးမယ်။ နောက်တစ်ခုက အလိုအလျောက် မိုးလေဝသ တိုင်းတာရေးစက်ဖြစ်ပါတယ်။ ဒီစက်က လေတိုက်နှုန်း၊ လေတိုက်တဲ့ အရပ်ဒေသ၊ လေဖိအား၊ စိုထိုင်းဆ၊ အပူချိန်၊ မြင်ကွင်းကြည်လင်မှုတွေ လေယာဉ်ကို တစ်ချိန်လုံး Automatic System နဲ့ ပို့ပေးနေမယ်။ အဲဒါတွေကို စစ်ဆေးမှာပါ။ တိကျမှန်ကန်မှု ၁၀၀ ရာခိုင်နှုန်းရှိအောင် စစ်ဆေးမှာဖြစ်တယ်။ လေယာဉ်က ဒီကွင်းကိုသွားမယ်ဆိုရင် ဘယ်လို သွားရမလဲ၊ ဘာတွေ လုပ်ရမလဲ၊ ဘာတွေ အခက်အခဲရှိလဲဆိုတာကို ပျံသန်းမှုအထောက်အကူပြုတဲ့ စက်တွေ၊ ဆက်သွယ်ရေးစက်တွေ၊ ပျံသန်းမယ့်အရာတွေ ကိုကည်၊ မညီကို လေယာဉ်နဲ့ လေထဲကနေ စစ်ဆေးမှာဖြစ်ပါတယ်။ ခုလုပ်မယ့်ဟာက flight check နဲ့ flight procedure ဖြစ်ပါတယ်”ဟု ဦးကျော်စိုးက ဆက်လက်ပြောပြသည်။

ဆူရှဘုန်လေယာဉ်ကွင်းနဲ့ တပ်ဆင်ထားသည့် စက်ကိရိယာများ တိုင်းတာရေးအတွက် Beek 2900 လေယာဉ်ဖြင့် စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဆူရှဘုန်လေဆိပ်မှာ တပ်ဆင်ထားတဲ့ Antana တွေ Position မှန်၊ မမှန်ကို ငါးမိုင်၊ ခြောက်မိုင်ပတ်လည်က နေပတ်ပြီး Antana တွေ အလုပ်လုပ်တာ မှန်၊ မမှန်ကို စစ်ဆေးသွားမှာ ဖြစ်ပါတယ်။ ဒီနေ့ ရန်ကုန်က Beek 2900 လေယာဉ်မှာ လိုအပ်တဲ့စက်တွေ တပ်ဆင်ပြီး ၆နှစ် ၂၅ ရက်ကနေ ၂၇ ရက်အထိ လေယာဉ်နဲ့ စစ်ဆေးရမယ့် အရာတွေကို စမ်းသပ်စစ်ဆေးမယ်။ ခရီးသည်လေယာဉ်တွေ ပျံသန်းချိန်မှာ တကယ် ကြုံတွေ့ရမယ့် အရာတွေကို အားလုံးကွက်တိဖြစ်အောင် စစ်ဆေးမယ်။

“လေယာဉ်ကွင်း တည်ဆောက်ရေး လုပ်ငန်းအနေနဲ့ လေယာဉ်ပြေးလမ်းကို နိုင်လွန်ကတ္တရာခင်းပြီးပါပြီ။ လေဆိပ်အဆောက်အအုံလည်း ပြီးသွားပြီ။ အဓိက အချောသပ်လုပ်ငန်းပဲ ကျန်ပါတော့တယ်။ ရှေ့ကတောင်ပြို့တဲ့လုပ်ငန်းကလည်း နောက်ဆုံးပုံဖော်တဲ့ လုပ်ငန်းလေးနည်းနည်းပဲ ကျန်ပါတယ်”ဟု ဦးကျော်စိုးက ပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ် ဖလမ်းမြို့၌ ဆူရှဘုန်လေဆိပ်ကို တောင်တန်းထူထပ်ပေါများပြီး သွားလာရခက်ခဲသော ချင်းပြည်နယ်သို့ သွားလာရလွယ်ကူရန်၊ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ပြီး လူမှုရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး ကိစ္စများ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးလုပ်ငန်းနှင့် အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး ဆူရှဘုန်လေဆိပ်သစ်ကြီးကို မကြာမီ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆူရှဘုန် (ဖလမ်း) လေဆိပ်ကို ဖလမ်းမြို့နယ်ရှိ မြေဧက ၁၂၈၉ ဒသမ ၅ ဧကတွင် စီမံကိန်းကို ငွေကျပ် ၃၂ ဒသမ ၃၆ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၉ သန်း အကုန်အကျခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဆူရှဘုန်လေယာဉ်ကွင်းကို ATR-72 လေယာဉ်များ ဆင်း/တက် အသုံးပြုနိုင်ရန်အတွက် လေယာဉ်ပြေးလမ်း အလျားပေ ၆၀၀၀၊ အကျယ်ပေ ၁၀၀၊ လေယာဉ်ဝင်/ထွက်လမ်းနှင့် လေယာဉ်ရပ်နားရန်နေရာ အလျားပေ ၂၅၀၊ အကျယ်ပေ ၂၅၀ တို့အား နိုင်လွန်ကတ္တရာခင်း တည်ဆောက်လျက်ရှိပြီး Compaction Method ဖြင့် Slope Stability Gabion Retaining Wall များပြီး သွားလာရခက်ခဲသော ချင်းပြည်နယ်သို့ သွားလာရလွယ်ကူရန်၊ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ပြီး လူမှုရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး ကိစ္စများ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးလုပ်ငန်းနှင့် အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး ဆူရှဘုန်လေဆိပ်သစ်ကြီးကို မကြာမီ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆူရှဘုန် (ဖလမ်း) လေဆိပ်ကို ဖလမ်းမြို့နယ်ရှိ မြေဧက ၁၂၈၉ ဒသမ ၅ ဧကတွင် စီမံကိန်းကို ငွေကျပ် ၃၂ ဒသမ ၃၆ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၉ သန်း အကုန်အကျခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဆူရှဘုန်လေယာဉ်ကွင်းကို ATR-72 လေယာဉ်များ ဆင်း/တက် အသုံးပြုနိုင်ရန်အတွက် လေယာဉ်ပြေးလမ်း အလျားပေ ၆၀၀၀၊ အကျယ်ပေ ၁၀၀၊ လေယာဉ်ဝင်/ထွက်လမ်းနှင့် လေယာဉ်ရပ်နားရန်နေရာ အလျားပေ ၂၅၀၊ အကျယ်ပေ ၂၅၀ တို့အား နိုင်လွန်ကတ္တရာခင်း တည်ဆောက်လျက်ရှိပြီး Compaction Method ဖြင့် Slope Stability Gabion Retaining Wall တည်ဆောက်ခြင်း။ လေဆိပ်အဆောက်အအုံ အလျား ၁၅၆ ပေ၊ အကျယ် ၈၄ ပေ၊ လေကြောင်းထိန်းမျှော်စင်နှင့် လေဆိပ်ဆိုင်ရာ အခြားဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

လေယာဉ်ကွင်းမရှိသည့် ချင်းပြည်နယ်အတွက် ဆူရှဘုန် (ဖလမ်း) လေဆိပ်သစ်ကြီး ဖွင့်လှစ်လိုက်ပါက ချင်းပြည်နယ်၏ အဓိကလေကြောင်းဝင်ပေါက်ဖြစ်လာပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ အချိန်တိုအတွင်း လာရောက်လည်ပတ်နိုင်မည့်အပြင် ဒေသခံတိုင်းရင်းသားများနှင့် ဒေသထွက်ကုန်များလည်း မြန်မာနိုင်ငံရှိ ဒေသအနှံအပြားသို့ လွယ်ကူလျင်မြန်စွာ သွားလာပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်း - မျိုးမင်းနိုင်
ဓာတ်ပုံ - မျိုးမြင့်

ပခုက္ကူစာပေဆုရ ကဗျာပေါင်းချုပ် ဒုတိယဆုစာအုပ် ဖြန့်ချိရောင်းချ

ရန်ကုန် ၆နှစ် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ကဗျာပေါင်းချုပ် ဒုတိယဆုရရှိသည့် မောင်ကြည်ဇော် (စာဂ) ၏ “ထာဝရ လန်းဆန်းမည်ဦးပန်း ကဗျာများ” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာပုဒ်ရေ ၆၄ ပုဒ်ပါဝင်ပြီး မြန်မာကဗျာစပ်ထုံးစံပည်းနှင့်အညီ ဖွဲ့ဆိုထားသည့် အပြင်လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်းတို့နှင့်ယှဉ်စပ်၍ သင်ခန်းစာရဖွယ်များ၊ စံပြုအတုယူဖွယ်များ၊ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ မိတ်ဆွေသင်္ဂဟအချင်းချင်း ထားရှိအပ်သည့် မေတ္တာတရား၊ သစ္စာစောင့်သိမှုများနှင့် ကျေးလက်အလှသဘာဝပုံရိပ်များကိုလည်း စာပန်းချီခြယ်မှုနှံ့ သီကုံးဖွဲ့ဆိုထားသော ကဗျာစာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၁၀၀၀ ဖြင့် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဗုဒ္ဓ ဝ၁-၂၄၉၀၃၁၊ ဝ၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဗုဒ္ဓ ဝ၆၇-၃၄၁၆၈၁၊ ၈၆ လမ်း၊ ၂၁လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဗုဒ္ဓ ဝ၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဗုဒ္ဓ ဝ၁-၂၄၉၀၃၁၊ ဝ၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

ရဲတင့် ဘာသာပြန်သော မီဒီယာနိုင်ငံရေးစာအုပ် ဖြန့်ချိရောင်းချ

ရန်ကုန် ၆နှစ် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ရဲတင့် ဘာသာပြန်သည့် “မီဒီယာနိုင်ငံရေး” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် နိုင်ငံရေးလှုပ်ရှားမှုများတွင် မီဒီယာကဏ္ဍ၏ အရေးပါမှုကို နိုင်ငံရေးပညာရှင်များကပြောသည့် သီအိုရီများ၊ နိုင်ငံတကာဖြစ်ရပ်များဖြင့် ရေးသားဖော်ပြထားသည့် စာအုပ်ဖြစ်သည်။ နိုင်ငံရေးသတင်း၊ နိုင်ငံရေးဘက်လိုက်မှု၊ လူထုဆက်သွယ်ရေး မီဒီယာနှင့် နိုင်ငံရေး၊ မီဒီယာ၏ အကျိုးသက်ရောက်မှု၊ နိုင်ငံတော်ထိန်းချုပ်မှုနှင့် နိုင်ငံတော်ဝါဒဖြန့်မှု၊ လွတ်လပ်သောစာနယ်ဇင်း ဒီမိုကရေစီနှင့် မီဒီယာစသည့် အကြောင်းရပ်များ အပါအဝင် အခန်း(၈)ခန်း ပါဝင်သည်။

မီဒီယာကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများ၊ လေ့လာသုတေသနပြုသူများနှင့် အင်အားကြီးအနောက်နိုင်ငံများ၏ မီဒီယာနိုင်ငံရေးကို လေ့လာလိုသူ မျိုးဆက်သစ် လူငယ်များအတွက် ၂၁ရာစု ခေတ်ဦးကာလ မီဒီယာနှင့် နိုင်ငံရေးအခြေအနေ၊ မီဒီယာနိုင်ငံရေးနှင့် ဒီမိုကရေစီအခြေအနေတို့ကို လေ့လာသုံးသပ်ရာ၌ အထောက်အကူပြုမည့် စာအုပ်ဖြစ်သည်။ အမေရိကန်စာရေးဆရာ John Street ရေးသားသည့် “Mass Media, Politics and Democracy” စာအုပ်အတွင်းမှ လူထုဆက်သွယ်ရေးနှင့် မီဒီယာဆိုင်ရာ အကြောင်းရပ်အချို့ကို အမျိုးသားစာပေဆုရ စာရေးဆရာ သတင်းစာဆရာကြီး ရဲတင့်က ရွေးချယ်ကောက်နုတ် ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။

“မီဒီယာနိုင်ငံရေး” စာအုပ်ကို တစ်အုပ်လျှင် ငွေကျပ် ၁၂၀၀ ဖြင့် ရန်ကုန်၊ အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဗုဒ္ဓ ဝ၁-၂၄၉၀၃၁၊ ဝ၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဗုဒ္ဓ ဝ၆၇-၃၄၁၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဗုဒ္ဓ ဝ၂-၄၀၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

သတင်းစဉ်

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ၆နှစ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံအပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျကျ မိုးထစ်ချုန်းရွာပြီး၊ ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၄-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၄၆၄)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၆၀) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၁) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၉၅) ခု၊ စုစုပေါင်း (၁၁၁၀) ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁) ဦးတွေ့ရှိရပါသည်။

၂။ (၂၄-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၉၃) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ (၄) ဦး (Case- 148, 169, 253, 258) ရှိသဖြင့် စုစုပေါင်း (၂၀၈) ဦးရှိပါသည်။ ၎င်းတို့အနက်

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၄-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၄-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၄၆၄) ခု
(၂၄-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၆၀) ခု
(၂၄-၆-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၉၁) ခု
(၂၄-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၉၅) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၁) ဦး

(၁၉၃) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၃-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၄-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၁) ဦး ရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၄-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၁) ဦး	(၂၉၃) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်စင်လာသူ (recovered)	(၄) ဦး	(၂၀၈) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

(၂၄-၆-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀)နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေရပ်လိပ်စာ	COVID-19 ရောဂါဓာတ်ခွဲလူနာများနှင့်ပတ်သက်မှုရှိ	ပြည်ပမှစစ်ဆေးသူများ ရောက်ရှိခဲ့ရက်/မှတ်	မထားလူသွားနိုင်သူများနှင့် အဆက်အသွယ်ရှိ/မရှိ	COVID-19 ဓာတ်ခွဲအမျိုး	ရောက်ရှိရာ
၂၅၁	၃၃ နှစ်	ကျား	[illegible]	[illegible]	[illegible]	[illegible]	ပေါ့ဇိ	[illegible]

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၂၃-၆-၂၀၂၀)ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၈၆၁)ခု နှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) (PHL-Mdy)မှ ဓာတ်ခွဲနမူနာ (၂၇၀)ခု၊ စုစုပေါင်း (၁၁၃၁) ခုတွင်-
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။

၂။ (၂၄-၆-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၉၂) ဦးရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၂၃-၆-၂၀၂၀)ရက်နေ့တွင်-
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁၃၃၁)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၄၆)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) (PHL-Mdy)မှ ဓာတ်ခွဲနမူနာ (၂၇၀)ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး(ခုတင် - ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၅၀)ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၁၉၉၇) ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်
(၂၄-၆-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ

(၂၃-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၈၆၁) ခု
(၂၃-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) (PHL-Mdy)မှ စစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ	(၂၇၀) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၀) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့်ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အမျိုးသားကျောင်းတိုက်၊ ကရုဏာကျောင်းတိုက်၊ ဗုဒ္ဓါမော်ကျောင်းတိုက်၊ ဆည်ကြီးကျောင်းတိုက်၊ ဃောသိတာရုံကျောင်းတိုက်၊ ယတြာကျောင်းတိုက်၊ ဆုတောင်းပြည့်ကျောင်းတိုက်၊ ဒက္ခောင်းကျောင်းတိုက်၊ မဏိရတနာကျောင်းတိုက်၊ မဟာအောင်မြေပုံကျောင်းတိုက်၊ သာသနာ့ဗိမာန်ကျောင်းတိုက်၊ အလိုတော်ပြည့်ကျောင်းတိုက်၊ ဝိဘင်္ဂါဒိကျောင်းတိုက်၊ ဓမ္မာရာမကျောင်းတိုက်၊ နန်းရွှေဂူကျောင်းတိုက်၊ တေဇောရာမကမ္မဋ္ဌာန်းကျောင်းတိုက်၊ မဟာဇေယျသိဒ္ဓိပဋ္ဌာန်းကျောင်းတိုက်၊ မဟာသိမဝံသကျောင်းတိုက်၊ မေယုဓမ္မစက္ကုကျောင်းတိုက်၊ မဟာမုနိဗုဒ္ဓဝိဟာရကျောင်းတိုက်၊ ဥဿလင်းကျောင်းတိုက် စုစုပေါင်းတိုက်ပွဲရှောင်စခန်း ၂၁ ခုသို့ သွားရောက်၍ ဆပ်ပြာ ၁၀၉၂ တောင့်၊ လက်သန့်ဆေးရည်ဘူး ၁၂၀၊ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း ၁၇၂၀၊ အပူချိန်တိုင်းကိရိယာလေးခု၊ ဗီနိုင်း ၃၂ ချပ်၊ လက်ဆေးဘေစင်လေးခု၊ ကိုဗစ်-၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick လေးချောင်း၊ အဝတ်နှာခေါင်းစည်း ၄၀၈ ခု၊ လက်ကိုင်ဓဝိကာလေးခုနှင့် ထုံးအိတ် ၂၀ တို့ကို ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အစားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ Call Center အချိန်လျော့ချ ဖွင့်လှစ်ထားရှိ

နေပြည်တော် ဇွန် ၂၄

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ(၄)ခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃)ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဖွင့်လှစ်ထားရှိခဲ့သည်။

ယခုအခါတွင် COVID-19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ(အစား) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

အင်းစိန်၊ မင်္ဂလာဒုံမြို့နယ်တို့မှ အာမခံအလုပ်သမားများအား လူမှုဖူလုံရေး ထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်း အကျိုးခံစားခွင့် ပေးအပ်

ရန်ကုန် ၆နှစ် ၂၄

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ကာလအတွင်း ယာယီပိတ်သိမ်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်၊ မင်္ဂလာဒုံမြို့နယ်တို့မှ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ လူမှုဖူလုံရေးအကျိုးဝင် မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးရုံး၌(၅)၌ ပြုလုပ်သည်။

ထောက်ပံ့ငွေ ပေးအပ်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ အရာရှိ ဦးထွန်းကြိုင်၊ ဒုတိယ တာဝန်ခံအရာရှိ ဦးဝင်းမိုး၊ ရုံးခွဲ တာဝန်ခံအရာရှိ ဦးသန့်ဇော်မင်းတို့က လူမှုဖူလုံရေးရုံးတွင် အကျိုးဝင် မှတ်ပုံတင်ထားသော အလုပ်ဌာန ၂၄ ဌာနမှ အာမခံအလုပ်သမား ၁၁၄၂၉ ဦးအား လူမှုဖူလုံရေး ထောက်ပံ့မှု အကျိုးခံစား ခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၁၇၁၈၉၉၆၆၈ ဒသမ ၅၇ ကျပ်ကို သက်ဆိုင်ရာစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတို့မှ တာဝန်ခံများထံ ပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေ ပေးအပ်ခဲ့သည့် အင်းစိန်၊ မင်္ဂလာဒုံမြို့နယ်တို့ရှိ စက်ရုံ၊ အလုပ်ရုံများသည် ပူးပေါင်းအဖွဲ့နှင့် စစ်ဆေးပြီး တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုမိန့်ဖြင့် ပြန်လည်ဖွင့်လှစ်ခွင့်ရသော စက်ရုံ၊ အလုပ်ရုံများဖြစ်ကာ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု ၄၀ ရာခိုင်နှုန်းပေးအပ်ခြင်းဖြစ်သည်။

ယနေ့ လူမှုဖူလုံရေး ထောက်ပံ့ငွေများ ပေးအပ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကပ်ရောဂါ ဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ
မင်းသစ်(MNA)

နေပြည်တော်ရှိ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ငွေအကျိုးခံစားခွင့် ပေးအပ်

နေပြည်တော် ၆နှစ် ၂၄

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပြည်ထောင်စုနယ်မြေအတွင်းရှိ ယာယီပိတ်သိမ်းခဲ့ရသည့် အလုပ်ဌာနများမှ လူမှုဖူလုံရေးအကျိုးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအား လူမှုဖူလုံရေး ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းပေးအပ်ပွဲကို ယမန်နေ့နံနက် ၁၁ နာရီက ဒဂွီဇာခရိုင် အထွေထွေအုပ်ချုပ်ရေး စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် နေပြည်တော်လူမှုဖူလုံရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်က မက်စ်မြန်မာကုမ္ပဏီမှ အာမခံအလုပ်သမား ၃၉၄ ဦးအတွက် ကိုးရက်စာ ငွေကျပ် ၁၀၂၆၈၄၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

နေပြည်တော် လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ယနေ့အထိ အလုပ်ဌာန ၈၆ ခုမှ အာမခံအလုပ်သမား ၅၃၅၈ ဦးအတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ငွေကျပ်သိန်း ၁၄၀၀ ကျော် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကိုမင်း(ကြေးမုံ)

ချောင်းဆုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပညာပေးစာစောင်များဖြန့်ဝေ

ချောင်းဆုံ ၆နှစ် ၂၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာလ ပြည်သူများ ကိုယ်ခံအားမြင့်မားစေရေးအတွက် ငါးများများ စားသုံးရန် ငါးတင်ပါဝင်သော ဓာတ်များ၊ အကျိုးကျေးဇူးအသိ ပညာများပါဝင်သော လက်ကမ်းစာစောင်များအား ချောင်းဆုံမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးသက်နိုင်ဝင်းနှင့် ဝန်ထမ်းများက ကည်သော်ကျေးရွာ ဈေးအတွင်း ဖြန့်ဝေခြင်းနှင့် ဗီဒိုငံုပို့စတာ စိုက်ထူခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မတ္တရာမြို့နယ်ရှိ တောင်ကန်သို့ ငါးမျိုးများစိုက်ထည့်

မတ္တရာ ၆နှစ် ၂၄

မတ္တရာမြို့နယ် တောင်ကန် ကန်၌ ရေနုံ့သာငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းကောင်ရေ တစ်သိန်းနှင့် ဘားဖွဲကျေးရွာရှိ တစ်နိုင်တစ်ပိုင်ငါးသားဖောက်ရုံမှ ငါးမြစ်ချင်းကောင်ရေ ငါးသောင်း စုစုပေါင်းကောင်ရေ တစ်သိန်းခွဲအား မျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်၊ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးပေါ်လွင်၊ ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးစောဝဏ္ဏ၊ မတ္တရာမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်ခိုင်၊ မြို့နယ်ထွေ/အုပ်၊ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ တောင်ကန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရွာသားများ၊ ရေနုံ့သာငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးအေးလွင်နှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့်အဖွဲ့သည် မတ္တရာမြို့နယ်ရှိ သုတေသနအင်း (စကျင်ကန်တွင်းအင်း)သို့သွားရောက်ပြီး မျိုးငါးများ မျိုးပွားအင်္ဂါ ရင့်ကျက်မှုရှိ၊ မရှိ၊ လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို ပုံမှန်ကွင်းဆင်းစစ်ဆေးခဲ့ပြီး သုတေသနအင်းလုပ်ကိုင်သူ ဦးမြတ်ထွဋ်က ရေနုံ့သာငါးလုပ်ငန်းစခန်းအတွက် သဘာဝငါးမျိုးများဖြစ်သော ငါးကြောင်းခြောက်ကောင်၊ ငါးကြင်းပြုခြောက်ကောင်နှင့် ငါးဖန်းမ ၃၅ ကောင်တို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မူဆယ်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိကွာများစားသုံးပေး ဆိုင်းဘုတ်ချိတ်ဆွဲ

မူဆယ် ၆နှစ် ၂၄

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ကာလအတွင်း ငါးစားသုံးခြင်းသည် ကျန်းမာရေး အကျိုးရှိစေခြင်းကြောင့် အများပြည်သူများ ငါးရိကွာများစားသုံးနိုင်ရေးသိရှိစေရန် ပညာပေးဆိုင်းဘုတ်ချိတ်ဆွဲထားရှိမှုကို မူဆယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်ထွဋ်နှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာ ဈေးအရာရှိ၊ ဈေးတာဝန်ခံ၊ ဈေးကော်မတီဝင်များ၊ သား၊ ငါးရောင်းချသူများနှင့် ဒေသခံပြည်သူများပါဝင်ပြီး မူဆယ်မြို့နယ် စည်ပင်သာယာဈေးအမှတ်(၂) ရှိ သား၊ ငါးဈေးရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

COVID- 19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ငါးရစ်ငါးသန်ကာလ ကွင်းဆင်းစစ်ဆေး

စလင်း ၆နှစ် ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးသိန်းကိုကို ထွန်းနှင့် ဝန်ထမ်းများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ငါးရစ်ငါးသန်ရာသီချိန်အတွင်း ငါးဖမ်းဆီးမှုမရှိစေရေးနှင့် ဘက်ထရီရှာ့တိုက်ငါးဖမ်းဆီးမှုမရှိစေရေးအတွက် စလင်းမြို့နယ် ဧရာဝတီမြစ်အတွင်း ကွင်းဆင်းစစ်ဆေးကြသည်။

ကွင်းဆင်းစစ်ဆေးစဉ် စလင်းမြို့နယ် ဆိတ်ကြီးကျေးရွာအနီး ဧရာဝတီမြစ်အတွင်း၌ တန်းပိုက်ငါးဖောင်နှင့် မြွေးအကြီး ၁၀ လုံးအား ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းခဲ့ကြောင်းနှင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ် - ၁၉ ထုတ်ပြန်ချက်နှင့် သတင်း

ဇွန် ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၂၉၃ ဦးရှိသွားပြီ

နေပြည်တော် ဇွန် ၂၄

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ တစ်ဦးထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၂၉၃ ဦးရှိသွားပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူတစ်ဦးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၂၉၃ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၂၀၈ ဦးရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၉၃ ဦးရှိကြောင်းနှင့် ဇွန် ၂၃ ရက် မွန်းတည့် ၁၂ နာရီမှ ဇွန် ၂၄ ရက် မွန်းတည့် ၁၂ နာရီအတွင်း ဓာတ်ခွဲတည့်လူနာအသစ် ၃၁ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

သတင်းစဉ်



မြန်မာနိုင်ငံအတွင်း ကိုဗစ်နာမိုင်းရပ်စ် ဓာတ်ကြွဝံကြည့်ရှုမှု အခြေအနေ

တေတ်ခဲ့စစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
ဖြဖြ၃၃၃	၂၉၃

ရောဂါပိုးကင်းစင်သွားသူ	သေဆုံးသူ
၂၀၈	၆

ဓာတ်ခွဲစစ်ဆေးရေးစင်တာများ - ၅၅၊၆၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရှိသူ - ၁၉၃ ဦး (အသွားအလာ ဆက်သွယ်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ အရင်းအမြစ်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၂၂၄	၅
၂	ရခိုင်	၃၂	
၃	ချင်း	၁၈	
၄	စစ်ကိုင်း	၉	
၅	ပဲခူး	၈	၁
၆	မွန်	၆	
၇	ရှမ်း(တောင်)	၄	
၈	မန္တလေး	၃	
၉	ရှမ်း(ရွှေ)	၃	
၁၀	ရှမ်း(မြောက်)	၃	
၁၁	မကွေး	၃	
၁၂	နေပြည်တော်	၂	
၁၃	ကရင်	၂	
၁၄	ဧရာဝတီ	၂	
၁၅	ကချင်	၂	
၁၆	တနင်္သာရီ	၁	
	စုစုပေါင်း	၂၉၃	၆

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အမေရိကန်	၄၄၂၅၈၅၅	၁၀၂၀၄၄၅၅	၁၂၃၅၀
ဘရာဇီး	၁၁၅၂၀၆၆	၆၁၃၄၄၅၅	၅၂၇၈၈
ရုရှား	၆၀၆၈၈၁	၃၆၈၈၂၂	၈၅၁၃
အိန္ဒိယ	၄၆၁၈၂၈	၂၆၁၆၈၂	၁၄၅၇၇
ဗြိတိန်	၃၀၆၂၁၀	၈၈၈၃၆	၄၂၈၂၇
စပိန်	၂၉၃၈၃၂	၈၈၈၃၆	၂၈၃၂၅
ပီရူး	၂၆၀၈၁၀	၁၄၈၄၃၀	၈၄၀၄
ချီလီ	၂၅၀၇၆၇	၂၁၀၅၇၀	၄၂၀၅
အီတလီ	၂၃၈၈၃၃	၁၈၄၅၈၅	၃၄၆၇
အီရန်	၂၁၂၅၀၁	၁၇၂၀၉၆	၆၉၄၆

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အင်ဒိုနီးရှား	၄၉၀၀၉	၁၉၆၅၈	၂၅၇၃
စင်ကာပူ	၄၂၆၂၃	၃၅၉၉၅	၂၆
ဖိလစ်ပိုင်	၃၂၂၉၅	၈၆၅၆	၁၂၀၄
မလေးရှား	၈၅၉၆	၈၂၃၁	၁၂၁
ထိုင်း	၃၁၅၇	၃၀၂၆	၅၈
ဗီယက်နမ်	၃၅၂	၃၂၉	၀
မြန်မာ	၂၉၃	၂၀၈	၆
ဘရူနိုင်း	၁၄၁	၁၃၈	၃
ကမ္ဘောဒီးယား	၁၃၀	၁၂၇	၀
လာအို	၁၉	၁၉	၀

မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၉၇ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇွန် ၂၄

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၉၇ ဦးသည် မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများအနက် ၆၄ ဦးသည် ထိုင်းနိုင်ငံ ဆိုင်ရာမြန်မာသံရုံး၏စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ထိုင်းနိုင်ငံ မော်ချစ်ကားဂိတ်မှ ကားသုံးစီးဖြင့် ပြန်လည်ဝင်ရောက်လာသူများဖြစ်ပြီး ကျန် ၅၃၃ ဦးသည် ထိုင်းနိုင်ငံဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများက ကြိုကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ဇွန် ၂ ရက်တွင် ၁၅၁၇ ဦး၊ ဇွန် ၃ ရက်တွင် ၁၂၄၇ ဦး၊ ဇွန် ၄ ရက်တွင် ၁၂၀၉ ဦး၊ ဇွန် ၅ ရက်တွင် ၁၂၀၄ ဦး၊ ဇွန် ၆ ရက်တွင် ၁၀၈၄ ဦး၊ ဇွန် ၇ ရက်တွင် ၁၀၆၈ ဦး၊ ဇွန် ၈ ရက်တွင် ၈၄၆ ဦး၊ ဇွန် ၉ ရက်တွင် ၁၀၉၄ ဦး၊ ဇွန် ၁၀ ရက်တွင် ၉၉၄ ဦး၊ ဇွန် ၁၁ ရက်တွင် ၆၇၀၊ ဇွန် ၁၂ ရက်တွင် ၈၂၃ ဦး၊ ဇွန် ၁၃ ရက်တွင် ၈၂၃ ဦး၊ ဇွန် ၁၄ ရက်တွင် ၇၀၅ ဦး၊ ဇွန် ၁၅ ရက်တွင် ၆၀၀၊ ဇွန် ၁၅ ရက်တွင် ၅၀၆ ဦး၊ ဇွန် ၁၆ ရက်တွင် ၆၄၄ ဦး၊ ဇွန် ၁၇ ရက်တွင် ၈၇၈ ဦး၊ ဇွန် ၁၈ ရက်တွင် ၆၉၈ ဦး၊ ဇွန် ၁၉ ရက်တွင် ၄၉၄ ဦး၊ ဇွန် ၂၀ ရက်တွင် ၆၄၇ ဦး၊ ဇွန် ၂၁ ရက်တွင် ၈၄၂ ဦး၊ ဇွန် ၂၂ ရက်တွင် ၇၀၅ ဦး၊ ဇွန် ၂၃ ရက်တွင် ၆၀၀၊ ဇွန် ၂၃ ရက်တွင် ၅၀၆ ဦး၊ ဇွန် ၂၄ ရက်တွင် ၆၄၄ ဦး၊ ဇွန် ၂၄ ရက်တွင် ၈၇၈ ဦး၊ ဇွန် ၂၅ ရက်တွင် ၆၉၈ ဦး၊ ဇွန် ၂၆ ရက်တွင် ၄၉၄ ဦး၊ ဇွန် ၂၇ ရက်တွင် ၆၄၇ ဦး၊ ဇွန် ၂၈ ရက်တွင် ၈၄၂ ဦး၊ ဇွန် ၂၉ ရက်တွင် ၇၀၅ ဦး၊ ဇွန် ၃၀ ရက်တွင် ၆၀၀ ဦး၊ ဇွန် ၃၁ ရက်တွင် ၅၀၆ ဦး၊ ဇွန် ၃၁ ရက်တွင် ၆၄၄ ဦး၊ ဇွန် ၃၁ ရက်တွင် ၈၇၈ ဦး၊ ဇွန် ၃၁ ရက်တွင် ၆၉၈ ဦး၊ ဇွန် ၃၁ ရက်တွင် ၄၉၄ ဦး၊ ဇွန် ၃၁ ရက်တွင် ၆၄၇ ဦး၊ ဇွန် ၃၁ ရက်တွင် ၈၄၂ ဦး၊ ဇွန် ၃၁ ရက်တွင် ၇၀၅ ဦး၊ ဇွန် ၃၁

ကိုဗစ်-၁၉ သတင်းနှင့် ဓာတ်ပုံမြင်ကွင်း

ကြေးမုံ
ဇွန် ၂၅၊ ၂၀၂၀

လွယ်ကျယ်နယ်စပ်စစ်ဆေးရေးဂိတ်မှ နေရပ်ပြန်ပြည်သူ ၅၂ ဦး ဆက်လက်ရောက်ရှိ

ကသာ ဇွန် ၂၄

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ နေရပ်ပြန်ပြည်သူ ၅၂ ဦးတို့သည် ယမန်နေ့ ညနေ ၆ နာရီခန့်က လွယ်ကျယ်နယ်စပ်စစ်ဆေးရေးဂိတ်မှ ကသာမြို့နယ် ခုံးအော့ဆိပ်ကမ်းသို့ ရောက်ရှိလာသည်။

ကြိုဆိုလက်ခံ

အဆိုပါ ပြန်လည်ရောက်ရှိလာသူများသည် စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်မှ ၁၈ ဦး၊ ဒီပဲယင်းမြို့နယ်မှ တစ်ဦး၊ ကသာမြို့နယ်မှ ၁၇ ဦး၊ ကနီမြို့နယ်မှ တစ်ဦး၊ ထီးချိုင့်မြို့နယ်မှ သုံးဦး၊ ဘုတလင်မြို့နယ်မှ တစ်ဦး၊ ဆားလင်းကြီးမြို့နယ်မှ သုံးဦး၊ ကန့်ဘလူမြို့နယ်မှ တစ်ဦး၊ ဝက်လက်မြို့နယ်မှ နှစ်ဦး၊ ချောင်းဦးမြို့နယ်မှ

တစ်ဦး၊ ပင်လည်ဘူးမြို့နယ်မှ တစ်ဦးနှင့် ကောလင်းမြို့နယ်မှ သုံးဦး၊ စုစုပေါင်း ၅၂ ဦးတို့သည် လွယ်ကျယ်နယ်စပ်စစ်ဆေးရေးဂိတ်မှ မော်တော်ယာဉ် ခုနစ်စီးဖြင့် ပြန်လည်ရောက်ရှိလာခဲ့ရာ နေရပ်ပြန်ပြည်သူများအား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ကြည်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဒေဝနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုလက်ခံခဲ့ကြသည်။

ကသာမြို့နယ်အတွင်းရှိ နေရပ်ပြန်ပြည်သူ ၁၇ ဦးရှိပြီး ဝိုးကုတ်ရိပ်သာ၌ ဖွင့်လှစ်ထားသော ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် အမျိုးသား ၁၂ ဦးနှင့် အိမ်တွင်းမှူသင်တန်းကျောင်းတွင် အမျိုးသမီး ငါးဦးတို့အား စောင့်ကြည့်ထားရှိကာ အာခေါင်တို့ဖတ်၊ နာခေါင်းတို့ဖတ်များ ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြားမြို့နယ်များမှ နေရပ်ပြန်ပြည်သူများကို သက်ဆိုင်ရာဒေသ အသီးသီးမှ ကြိုဆိုရေးအဖွဲ့များထံသို့ လွှဲပြောင်းပေးခဲ့ကြောင်း ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

ချင်းပြည်နယ်၌ ထောက်ပံ့ကြေးများ ပေးအပ်

ဟားခါး ဇွန် ၂၄

ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်သည် ဇွန် ၂၀ ရက်တွင် တီးတိန်မြို့ အစိုးရမူလတန်းကြိုကျောင်း၌ တီးတိန်မြို့နယ် အတွင်းရှိ အသက် (၈၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၉၄ ဦးအား နိုင်ငံတော်က ချီးမြှင့်သည့် တတိယအကြိမ် လူမှုရေးပင်စင်ထောက်ပံ့ငွေ တစ်ဦးလျှင် ကျပ်သုံးသောင်းနှင့် ထပ်ဆောင်း ထောက်ပံ့ငွေကျပ် သုံးသောင်းစီကို လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားသည့် အသက်နှစ်နှစ်အောက် ကလေးငယ် စုစုပေါင်း ၅၃၀၄ ဦး၊ ကိုယ့်အားကိုယ်ကိုး အစိုးရအသိအမှတ်ပြု မူလတန်းကြိုကျောင်းလေးကျောင်းတို့ကို လည်းကောင်း၊ ယမန်နေ့ နံနက် ၁၀ နာရီတွင် ကျိခါးမြို့အတွင်းရှိ အသက် (၈၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွား လေးဦး၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားသည့် အသက်နှစ်နှစ်အောက် ကလေးငယ် စုစုပေါင်း ၉၂ ဦးနှင့် ကန်ဆောက်ကျေးရွာမှ အသက် (၈၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ငါးဦးတို့ကို လည်းကောင်း ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❐ တာချီလိတ်မှ

ဇွန် ၁၅ ရက်က ပြန်လည်ဝင်ရောက်လာခဲ့ကြသော နေရပ်ပြန်များ၏ အာခေါင်တို့ဖတ် ဓာတ်ခွဲအဖြေမသိရှိရသေးကြောင်း၊ ၎င်းတို့ကို ဝိုးကုတ်တရားမမှုရိပ်သာတွင် Quarantine ဝင်ဝျက်ရှိပြီး နေထိုင်စဉ်ကာလအတွင်း စရိတ်မျှပေးစနစ်အဖြစ် တစ်ရက်တာဘင်းဖိုး ထိုင်းဘတ်ငွေ ၅၀ ပေးဆောင်ရကြောင်း၊ တစ်ရက်လျှင် လူတစ်ဦးစားစရိတ် ဘတ်ငွေ ၁၂၀ အထက် ကုန်ကျခဲ့ကြောင်း လိုအပ်သော စားစရိတ်အတွက် မိမိတို့တာဝန်ရှိသူများနှင့် အလှူရှင်များက ပူးပေါင်းဖြေရှင်းပေးနေကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က ပြောသည်။

ယာဆေး(ပြန်/ဆက်)

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

လယ်ယာမြေများအတွက် နစ်နာကြေးများ ပေးအပ်

ဖြူး ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ ဆည်ရေးပေးခြောင်းများ ဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးများကို ဖြူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်နှင့် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က တစ်ရွာချင်း အလိုက် နစ်နာကြေးငွေများကို ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ ဇွန် ၂၂ ရက်က ပေးအပ်ခဲ့ကြသည်။

လက်ဝယ်ပေးအပ်

မြို့နယ်နှင့် ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ကြီးကြပ်၍ ကျေးရွာအုပ်စု ကိုးအုပ်စုမှ တောင်သူ ၈၉၁ ဦး၏ ပါဝင်လယ်မြေ ၅၄၀ ဒသမ ၅၈ ဧကအတွက် တစ်ဧ

ကလျှင် ငွေကျပ်သိန်း ၂၀ နှုန်းဖြင့် စုစုပေါင်း နစ်နာကြေးငွေကျပ် ၁၀၈၁၁ ဒသမ ၆ သိန်းကို တောင်သူများ လက်ဝယ်သို့ အသီးသီးပေးအပ်ခဲ့ကြသည်။

ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းအားလုံး ပြီးစီးပါက လယ်မြေဧက ၉၀၀၀ ကို ရေပေးဝေနိုင်မည်ဖြစ်ပြီး ယခုနစ် ဆောင်ရွက်နေသည့် ဆည်ရေပေးမြောင်းများ ပြီးစီးပါက လယ်မြေဧက ၁၆၈၀၀ ကို ဆည်ကြေကြိုတင် ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

နေပြည်တော် ဇွန် ၂၄

သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဇွန် ၁၉ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၂၈ မြို့နယ်ရှိ နေရာ ၇၁ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၆၇ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ရှစ်ကီလိုဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

မန္တလေးတိုင်း ဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

စစ်ကိုင်းတိုင်း ဒေသကြီး ရွှေဘိုမြို့ပေါ်ရှိ စာသင်ကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

ရခိုင်ပြည်နယ် မောင်တောမြို့ အမှတ်(၁)နယ်စပ် အဝင်၊ အထွက် စခန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

မြန်မာ့စီးပွားရေးမြင်ကွင်း အကျဉ်းအကျယ်

စာရေးဆရာ စောနိုင် (အသုံးချဘောဂဗေဒ) စီစဉ်ရေးသားသည့် မြန်မာ့စီးပွားရေးမြင်ကွင်း အကျဉ်းအကျယ်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဗဟိုဘဏ်၊ ကျပ်ငွေ၊ ဒေါ်လာ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ လူ့စွမ်းအားအရင်းအမြစ်၊ အာရှအိမ်နီးချင်း၊ အခြေခံလူတန်းစားသောက၊ ပြည်သူ့နှလုံးသား၊ စိတ်ကူးမျှော်လင့်ချက်နှင့် သိအိုရီသဘောတရား၊ အယူအဆ စသည်ဖြင့် အခန်းကဏ္ဍအလိုက် ပုဒ်ရေ ၃၀ ဖြင့် ၂၀၁၃-၂၀၁၉ ရွှေမြင်သုံးသပ်ချက် တွေ့ကြုံခံစားမှုများအား စုစည်းရေးသားထားသည်။

စာအုပ်ကို ဒေါ်လွင်လွင်ကျော် (၀၂၅၇၂)၊ လွင်သစ္စာစာပေ အမှတ် ၂၄၁၊ အောင်တံခွန်လမ်း၊ ၂၉ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။



ရသေ့အဘိုးအို

ကလေးသူငယ်ပညာပေးအနေဖြင့်စာရေးသူဇော်ထွန်းစီစဉ်ရေးသားသည့် ရသေ့အဘိုးအိုစာအုပ် ထွက်ရှိလာသည်။

အဆိုပါပုံပြင်စာအုပ်တွင် အင်္ဂလိပ်နှင့်မြန်မာနှစ်ဘာသာဖြင့်ရေးသားထားသဖြင့် ကလေးသူငယ် အင်္ဂလိပ်စာစွမ်းရည်တိုးတက်စေမည်ဖြစ်သည်။ ကလေးငယ်များအတွက်သာမက အင်္ဂလိပ်ဘာသာလေ့လာနေသောလူငယ်များအတွက်ပါ ရည်ရွယ်၍ ရေးသားထားသည်။ စီဒီခွေပါပူးတွဲပါရှိသဖြင့် စာဖတ်သူသည် အင်္ဂလိပ်စာနားထောင်စွမ်းရည်၊ စာဖတ်စွမ်းရည်နှင့် အသံထွက်တို့ကို တစ်ပြိုင်နက်လေ့လာနိုင်စေရန် စီစဉ်ထားသည်။

စာအုပ်ကို City Mart များ၊ ဦးဥာဏ်လင်း ဖုန်း-၀၉ ၄၄၈၅၀၁၆၅၃၇ သို့ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့်ဝယ်ယူနိုင်သည်။

အိမ်ခြံမြေ တိုက်ခန်းပြဿနာ ဖြေရှင်းနည်းအဖြာဖြာ

စာရေးသူ ကြယ်နီလေး စီစဉ်ရေးသားသည့် အိမ်ခြံမြေ တိုက်ခန်း ပြဿနာ ဖြေရှင်းနည်းအဖြာဖြာစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကာလစည်းကမ်းသတ်နှင့် မြေကို လက်ရောက်ရှိလိုခြင်း၊ မှတ်ပုံတင်ခြင်းမရှိသော အရပ်စာချုပ်ဖြင့်ဝယ်လျှင် တရားဝင်ပိုင်ဆိုင်မှု မရနိုင်၊ မြေအမည်ပေါက်ရဲဖြင့် မြေပိုင်ရှင်မဖြစ်နိုင်၊ အိမ်၊ ခြံ၊ မြေအတွင်းမှာ ကျူးကျော်တဲဆောက် စိုက်ပျိုးနေထိုင်သူရှိခဲ့သော်၊ သက်တမ်းကုန်မြေရန်နှင့် ပိုင်ရှင်၏တာဝန်၊ ရောင်းသူလက်ရှိမဟုတ်သော ပစ္စည်းဝယ်လျှင် ကာလစည်းကမ်းသတ် အရေးကြီး စသည့် အိမ်ခြံမြေ တိုက်ခန်းပြဿနာများနှင့် ဖြေရှင်းနည်းများကို ပြည့်ပြည့်စုံစုံရေးသား ထားသည်။

စာအုပ်ကို မောင်ကောင်းဖေစာပေ၊ အမှတ်-၁၇၆၆၊ ဧရာဝဏ်ဆက်စပ် လမ်း၊ (၅၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၂၅၁၀၁၅၀၉၀၄၄ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

မြန်မာ့ရုပ်ရှင် ပထမဆုံး ဇာတ်ညွှန်းရေးဆရာကြီး ပီမိုးနင်းနှင့် အနုပညာသည်များ

မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အဖြစ် စာရေးသူ ကိုတိုး (ရန်ကင်း) စီစဉ်ရေးသားသည့် မြန်မာ့ရုပ်ရှင် ပထမဆုံး ဇာတ်ညွှန်းရေးဆရာကြီး ပီမိုးနင်းနှင့် အနုပညာသည်များစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးဆရာကြီးပီမိုးနင်းအပါအဝင် မြန်မာ့ရုပ်ရှင်ဖခင်ကြီး လန်ဒန်အတ်ဦးအုန်းမောင်၊ မြန်မာ အမျိုးသမီးဇာတ်ညွှန်းရေးဆရာ ဒေါ်ဒဂုန်ခင်ခင်လေး၊ မြန်မာ့ပထမဦးဆုံး ရုပ်ရှင်မင်းသားဦးညီပု၊ သဘာဝမင်းသား မောင်တင်မောင်၊ စစ်ကြိုခေတ်က စတန်မင်းသား ရဲခေါင်ချစ်ရွှေ့၊ လူရွှင်တော်သာဂေါင်ကြီး၊ စွယ်စုံရုအနုပညာရှင် ခင်မောင်ရင် စသည့် မြန်မာ့ရုပ်ရှင်အနုပညာရှင်များ၏အကြောင်းကိုရေးသား ထားသည်။

စာအုပ်ကို ရန်အောင်စာပေ၊ အ.ထ.က(၁) ရန်ကင်းကျောင်းရှေ့၊ ဆိုင်အမှတ်(H)၊ ၁၂-လုံးတန်းမှတိုင်အနီး ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၇၉၃၉၈၄၃၇ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရထားရဲတပ်ဖွဲ့အမှတ်(၁၃) တပ်ခွဲတပ်စု (၃) ကြည့်မြင်တိုင်မှ ခေတ္တတပ်စုမှူး ရဲတပ်ကြပ်ကြီး သန်းလွင်နှင့် တပ်ဖွဲ့ဝင်များ ရထားလမ်း/ဘူတာနှင့် Level Crossing များတွင် ခရီးသည်နှင့် ရထားမတော်တဆဖြစ်ရပ်များ လျော့နည်းပပျောက်စေရေးတို့အတွက် ရထားရဲတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ မြန်မာ့မီးရထားဝန်ထမ်းများ၊ ဒေသခံပြည်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။ ကြေးမုံ

မြေစီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုများကို တစ်ပတ်သုံးရက် ဆောင်ရွက်ပေးမည်

ရန်ကုန် ဇွန် ၂၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၃၃ မြို့နယ်၏ မြေစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုများကို ယခင်က ရန်ကုန်မြို့တော်ခန်းမတွင် ဝန်ဆောင်မှုပေးရာမှ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ခန်းမသို့ပြောင်းရွှေ့ကာ တစ်ပတ်လျှင်သုံးရက် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဇွန် ၂၂ ရက်က မြို့တော်ခန်းမအတွင်းနှင့် ပြင်ပ၌ မြေစီမံခန့်ခွဲမှုဆိုင်ရာ လာရောက်လျှောက်ထားသူအလွန်များပြားခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများမဖြစ်ပေါ်စေရေးအတွက် ဇွန် ၂၃ ရက်မှစ၍ မြို့တော်ခန်းမတွင် ဆောင်ရွက်ပေးခြင်းမပြုဘဲ ဇွန် ၂၄ ရက်မှစကာ MCC ခန်းမ၌ သတ်မှတ်ရက်သုံးရက်တွင် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီထိ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အောက်တွင် ဌာန ၂၀ ရှိသည့်အနက် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ မြို့တော်နယ်နိမိတ်အတွင်းရှိ နိုင်ငံတော်ပိုင်မြေ၊ နိုင်ငံတော်မှ စီမံခန့်ခွဲနိုင်သောမြေ၊ အခွန်လွတ်သာသနာ့မြေနှင့် သိမ်မြေ၊ အခွန်လွတ် ဗဒ္ဓသိမ်မြေ၊ လယ်ယာမြေနှင့် မြေလွတ်မြေရိုင်းများမှ အပ ကော်မတီပိုင်မြေများ၊ ကော်မတီမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများ၊ ကော်မတီက တည်ဆဲဥပဒေနှင့်အညီ လွှဲပြောင်းရယူထားသောမြေများ၊ ပုဂ္ဂလိက ပိုင်မြေများနှင့် မြေငှားစာချုပ်ဖြင့်ဖြစ်စေ၊ လိုင်စင်ဖြင့် ဖြစ်စေ၊ ပါမစ်ဖြင့်ဖြစ်စေ ပုဂ္ဂလိကအား နေထိုင်အသုံးပြုခွင့်ပေးထားသောမြေများကို စီမံခန့်ခွဲခြင်း၊ လူနေထိုင်ရန်အတွက် အဆောက်အအုံများဆောက်လုပ်ရန်၊ စက်မှုလုပ်ငန်းများလုပ်ကိုင်ရန်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် မြေငှားစာချုပ်များ၊ လိုင်စင်များနှင့် ပါမစ်များထုတ်ပေးခြင်း၊ မြေငှားစာချုပ်များ၊ လိုင်စင်များနှင့် ပါမစ်များကိုထုတ်ပေးရာတွင် မြေယာမူဝါဒနှင့် မြေအသုံးချခြင်းဆိုင်ရာ စီမံချက်များကို ထိခိုက်နိုင်သည့်ကိစ္စရပ်များမှအပ အထူးကိစ္စရပ်များ၌ လိုအပ်သောအချက်အလက်များ ပြည့်စုံမှုမရှိသော်လည်း လျှောပေါ့သတ်မှတ်၍ ထုတ်ပေးခြင်း၊ မြေငှားအသစ်ချထားး၍ မြေငှားရမ်း ခွင့်ရရှိသည့် ပုဂ္ဂိုလ်အား မြေငှားစာချုပ်ကိုထုတ်ပေးခြင်း၊ မြေငှားစာချုပ်များ၊ လိုင်စင်များနှင့် ပါမစ်များ၏ သက်တမ်းကိုသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးကြောင်း သိရသည်။

အေးမင်းသူ

စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းနှင့်အတူ သွင်းအားစုများထောက်ပံ့

ကျိုင်းတုံ ဇွန် ၂၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးဆွေးနွေးပွဲနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းကို ဇွန် ၂၁ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့နယ် ယန်းခကျေးရွာအုပ်စု ကြိတ်ခေါင်အလယ်ရွာ၌ ပြုလုပ်သည်။

ကျိုင်းတုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးလှဝင်းက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးဆွေးနွေးပွဲနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ ထုတ်လုပ်သည့် ရွှေရင်အေးမျိုးသန့်စပါးနှင့်အတူ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ အပင်အားတိုးဆေးများ၊ ပဲယင်းမျိုးစေ့များ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ဆက်လက်၍ ဒုတိယပြည်နယ်ဦးစီးမှူးနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ ဒေါ်ယဉ်မာခိုင်နှင့် ဒုတိယပြည်နယ် ဦးစီးမှူးရုံးမှ (မြေ၊ မျိုး၊ ပိုး) တာဝန်ခံတို့က စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ အသီးသီးရှင်းလင်းပို့ချခဲ့ရာ တက်ရောက်လာသည့်တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။ အဆိုပါဆွေးနွေးပွဲသို့ ကြိတ်ခေါင်ကျေးရွာ (အောက်ရွာ၊ အလယ်ရွာ၊ အထက်ရွာ) တို့မှ လာဟူ၊ အာခါ၊ 'o' တိုင်းရင်းသားများနှင့် ရပ်မိရပ်ဖ ၈၀ ကျော် တက်ရောက်ကြသည်။

မြို့နယ်(ပြန်/ဆက်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/မြောက်၊ မြေကွက်အမှတ်-၁၂၈၀/ခ၊ မြေစီးယာ(စ)၀၀၆၀) မြေကွက်ဘဝသို့ရောရောအမှတ်-၁၂၈၀/ခ ဘိုးဆွဲ (၂)လမ်း (၂/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသောတိ(၁)သားတော်(နိုင်)၁၈၅၅၂၉၉) ၊ဒေါ်လုံးမျိုး(၂)သားတော်(နိုင်)၁၈၅၂၂၉၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသောတိ၊(ခ်ဒ်နှင့်)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်နှစ်ဦးဖြစ်သူ ဒေါ်လုံးမျိုး(၂)သားတော်(နိုင်)၁၈၅၂၉၉ ဖွဲ့ဖွဲ့ ကျွန်းကျိန်သွားများ သေစာရင်း အိမ်ဆောင်စလွှဲနေရာရင်း၊ ဂရန်မူရင်းတို့ဟာ ပြဿနာရှိသဖြင့် ပိုင်ဆိုင်ခြင်းနှင့် အရောင်းအဝယ်ဈေးဝယ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင်ပိုင်ဆိုသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်ဧည်ပြင်သာယာရေးကော်မတီ

ဦးမျိုးပြည်ဟိန်း(Managing Director)
KOE SEL SA CO.,LTD နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့မြို့ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီးနှင့် သမိုင်းလမ်းဆုံထောင့်၊ အမှတ်-၂/၆၀၇ တည်ရှိသော SHWE DAEHAN MOTORS Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးမျိုးပြည်ဟိန်း(Managing Director) KOE SEL SA CO.,LTDသည် SHWE DAEHAN MOTORS Co.,LTD၏ HYUNDAI အမျိုးအစား မော်တော်ကားများ၏ အရောင်းကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး SHWE DAEHAN MOTORS Co.,Ltd ထံမှ HYUNDAIအမျိုးအစား မော်တော်ကား (၆)စီးအား ဈာပနချို့ယွင်းမှုကြောင့် ဖြစ်ပါသကဲ့သို့ ကားဖိုးပေးသွင်းရန် တာဝန်ရှိရွေ့ ၁၆ဂုဝ၅၀၉၀၆၀-ကို ပေးသွင်းခြင်းမရှိဘဲ ပျက်ကွက်ခဲ့သဖြင့် ဦးမျိုးပြည်ဟိန်းနှင့်ကုမ္ပဏီတို့ကြား ချုပ်ဆိုထားသော ၃၀-၁၁-၂၀၁၈ရက်ရှိခဲ့ပါ အရောင်းကိုယ်စားလှယ်သဘောတူညီမှု ကတိစာချုပ်သည် ကိုယ်စားလှယ်၏ပျက်ကွက်မှုကြောင့် စာချုပ်ရပ်စဲခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် ဦးမျိုးပြည်ဟိန်းအား ကုမ္ပဏီဘက်က ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလကတည်းက ရာဇဝတ်ကြောင်းအရ အမှုဖွင့်ပြီး မရမ်းကုန်းမြို့နယ်တရားရုံးတွင် တရားစွဲဆိုထားပြီးဖြစ်ပါသည်။

ထို့ကြောင့် ကုမ္ပဏီဘက်မှ ဦးမျိုးပြည်ဟိန်း(Managing Director)KOE SEL SA CO.,LTD အား ၄-၁၁-၂၀၁၉ရက်တွင် ကုမ္ပဏီ၏ အရောင်းကိုယ်စားလှယ်အဖြစ်မှ ရပ်စဲလိုက်ကြောင်းကို ရုံးတွင်းမိန့်ထုတ်၍ ဦးမျိုးပြည်ဟိန်းထံ အကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကေသီကျော်
LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၅၀)
PH-09-5506143၊ 09-799487280

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအသံးပြုမည်ဖြစ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ခံပဉ္စမိန်အိမ်ရာပန်းချယ်ရိုလမ်း၊ အမှတ် (၁၄၆) တွင်နေထိုင်သော ဒေါ်နင်းအိအိလိုင် (စ/အမရ(နိုင်)၁၀၄၅၅၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။



ဒေါ်နင်းအိအိလိုင်တို့တွင်ရန်ကီးထားသော တော်ပြဝါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အပြည်ပြည်ထိုင်ရာကုန်အမှတ်တံဆိပ်အတန်းအစား-၂၅ ဖြင့် DD Fashion ၏ အဝတ်အထည်နှင့်ဆက်စပ်ထုတ်ကုန်များထုတ်လုပ်ခြင်းလုပ်ငန်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများတွင် အသုံးပြုသွားပေးသည်ဖြစ်ပြီး ဒေါ်နင်းအိအိလိုင်မှ ရန်ကုန်မြို့ တချုပ်စာတမ်းများမှတပ်ပိတ်ရုံးတွင် ကုန်အမှတ်တံဆိပ်ဝိုင်ဆိုင်ကြောင်းမြွက်ဟကြေညာချက်ကို မှတ်ပုံတင်သွင်းသွားမည်ဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်ကို လက်ခံရရှိအသုံးပြုနေသူမျိုးကာ ဝိုင်လုံသောအထောက်အထားများနှင့်အတူ ကျွန်ုပ်တို့ ထံသို့ ယခုနှကြေငြာပါသည့်နေ့မှ (၇) ရက်အတွင်း ဥပဒေနှင့် အညီလာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးသူဇာလွိုင် ဒေါ်အိမ့်နီမိုး
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၉၂) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၅၅)
လိပ်စာ- တိုက် (၁)၊ အခန်း (၂၀)၊ မယ်ခိုကုန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဆက်သွယ်ရန်- ၀၉၇၉၈၂၉၄၈၁၊ ၀၉၄၂၀၀၅၅၂၂၃၃၊ ၀၉၅၁၀၄၀၆၅၇၇။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၆၊ မြေကွက်အမှတ် (၇၀၂/က)။ မြေကွက်တည်နေရာအမှတ် (၇၀၂/က)။ မိုးစွန်လမ်း၊ ၂၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒေါ်ခင်သောင်း (၁၂/သဃက(နိုင်)၁၁၃၂၄၄) အမည်ပေါက် ပါမစ်မြေအား ပါမစ်အသုံးပေါက် ဒေါ်ခင်သောင်း (၁၂/သဃက(နိုင်)၁၁၃၂၄၄)ထံမှ အရောင်းစာချုပ် (၃-၄-၉၇)ဖြင့် ဦးမောင်သန်းမုဒယယ်ယုခဲ့ပြီး ဦးမောင်သန်းထံမှ အရင်ကတိအရောင်းစာချုပ် (၃၀-၇-၁၉)ဖြင့် ပထယူခဲ့သူ ဦးနေထင်း (၁၀/ပမန(နိုင်)၁၈၅၆၂)မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်ကြွေနိုင်လွှာအမှတ်-၃၇၃၇/၂၀၁၉ (၁၁-၉-၂၀၁၉) ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနခန်းခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား ပြေငြင်းကွင်းဆင်း စစ်ဆေးရာ (၁)ထပ် ပျဉ်ကာ၊ သွပ်မိုး၊ အဆောက်အဦ(၁)လုံးရှိပြီး လျှောက်ထားသူနှင့် အဒေါ်ဖြစ်သူ မိသားစုနေထိုင်ပါကြောင်းတင်ပြ၍ နှစ်(၆၀)ခန့်ကြာစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ပိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်ဧည်ပြင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၄၊ မြေကွက်အမှတ်- ၈၇၇၊ မြေကွက်အမှတ် ၈၇၇/ခ၊ မြေစီးယာအမှတ်- ၁၃၊ မြေကွက်အမှတ်- ၈၇၇၊ မြေစီးယာအမှတ်- ၁၃၊ မြေကွက်အမှတ်- ၈၇၇/ခ၊ မြေစီးယာအမှတ်- ၁၃၊ မြေကွက်အမှတ်- ၈၇၇/ခ၊ မြေစီးယာအမှတ်- ၁၃ ဘဝသို့ ရောရောအ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ သဒ္ဒါလမ်း၊ အိမ်အမှတ်(၁၀၂)ဟုခေါ်တွင်သည့် အလျား(၄၀'x၆၀')ရှိ ဦးဟန်ထွန်း အမည်ပေါက် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ဆက်စပ်စာချုပ်များဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသော ဦးခေါ်ဦး(၁၂/ဥကတ(နိုင်)၀၀၀၃၁၈)ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့် ကျွန်မထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ အသိပေးကြေညာအပ်ပါသည်။

ခေါ်စိန်နိုင်(၁၂/ခဂ(နိုင်)၀၂၀၁၄)
ဖုန်း-၀၉-၅၁၀၂၂၀၃၊ ၀၉-၇၈၅၁၂၂၀၃

အများသိစေရန် ကြေညာချက်

၁။ ကာလဖြေနယ်၊ ကျိုင်းရေးဆိုးဇင်္ဂသရပ်ကွက်၊ ကျိုင်းရေးဆိုးဇင်လမ်း၊ အမှတ်(၅၈)တွင် မိန်းကလေးလူငယ်ဖွဲ့ဖြိုးရေးဖေါင်္ကတ်ဘေကဟာအတွက် (၁)ထပ် Open Shed ကြက်ဘောင်ကွင်းဆောက်လုပ်ခွင့်ပြုပါရန် ခေါ်ဆိုနေသူ ကိုယ်တိုင်ကိုယ်ရာ ကြေးနန်းရုံးမှ ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း၊ တပ်ပြုတာဝန်ဖြစ် (၁)ထပ် Open Shed ကြက်ဘောင်ကွင်း ဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက၊ ကနိုင်ငံလုံးဆားဆောက်အထားများဌာနခွင့် ဤကြေညာချက် ထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း သက်ဆိုင်ရာ ကန့်ကွက်ခံရမည့် ကြေးနန်းဝန်ထမ်းဌာနချုပ်သို့ ရေးသားတင်ပြသွားရန်၊ ဤသို့

အထူးကိုယ်စားလှယ်လွှဲစာရွက်စာတမ်းခြင်း

ကျွန်မ၏မိတ်ဆွေဖြစ်သူ ဦးခင်ရွှေ(ဘ) ဦးစောညွှန့်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲလမ်း၊ အမှတ်(၂၀)နေ ဦးခင်ရွှေ(ဘ) ဦးစောညွှန့်(၁၂/ဗဟန(နိုင်) ၀၅၅၃၃၂၃၂) မှ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် အမှတ် (၂၉၈)၊ အနော့်ရထာလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ နေဦးမင်းဟန်(၁၂)ဦးကံလှ (၉/မန(နိုင်) ၀၃၉၁၀၅၅၂) အား (၂၉-၁၀-၂၀၁၈) ရက်တွင် ရန်ကုန်မြို့ စာရွက်စာတမ်းမှတ်ပုံတင်ရုံးဌ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၇၇၄/၂၀၁၈) ကို လွှဲအပ်ခဲ့ပါသည်။

ယခုအခါငင်းအထူးကိုယ်စားလှယ်လွှဲစာ (SP) အား ဤကြေညာပါသည့်နေ့မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဦးမင်းဟန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သင်းပပသောင်း (LL.B) (D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၀၆)
ဖုန်း-၀၉-၇၉၉၇၅၅၄၆

ကန့်ကွက်နှိုင်းခြင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဘားကရာလမ်း၊ ဘားကရာကွန်ရိုး အမှတ်(၁၄၃/၁၄၅) အနောက်ဘက်(၉၀၁) အဆောက်အဦ(၁၀၆၀)စတာရန်းဒေသ အကျယ်ပြန့် စည်ပင်သာယာပိုင်းသော ကွန်ရိုတိုက်ခန်းနှင့် ယင်းကဲ့သို့ကွန်ရိုတိုက်ခန်းပေါင်း အလိုးစားတွဲ အပေါ်ရပ် ဆင်းသုံးဖို့ကို ရန်ကုန်မြို့ တောင်ပိုင်းဒေသယာယီအုပ်ချုပ်ရေးကော်မတီပိုင် အထောက်အပံ့ရန် ဝိုင်းဝိုင်းဝန်းကျင် ကူညီလှူဒါန်းခဲ့ကြသော ဝိုင်းဝိုင်းဝန်းကျင် ကူညီလှူဒါန်းခဲ့ကြသော ဒေါ်နွဲ့ဟူဒေါ်တွင်သော ဖြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့် သဘောတူစာချုပ်အရ အမည်စာရင်းကို ဖော်ကော် တရားဝင်လက်ဝယ်ထားရှိသင့် ဝိုင်ဆိုင်သူ ဒေါ်ကေမင်ဘောက် ကွယ်လွန်ပြီး ဖော်ကော် တရားဝင်လက်ဝယ်ထားရှိသင့် ဆိုပြီး ကွဲလွဲခြင်းဖစ်ပွားခဲ့ကြောင်း ဝန်ခံကတိပြုသူ ဒေါ်နန်းမေးဘိုးဦး (၁၃/ကတန(နိုင်) ၁၃၆၆၂၁၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးစပ်ပြီး ဝယ်ယူရန်အတွက် စရံငွေအဖြို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဒိုင်လုံးသော စာရွက်စာတမ်းအထောက်အထားများ(မူရင်း)များနှင့် ယခုမှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မေချောစိုးဦး	**ဒေါ်မေရည်စိုးဦး**	**ဒေါ်မေခွန်စိုးဦး**
LL.B,D.B.L	LL.B,D.B.L	LL.B,D.B.L,D.L.R
(စဉ်-၇၇၅၅)	(စဉ်-၈၀၁)	(စဉ်-၂၆၆၈)

တရားလွှတ်တော်ရှေ့နေများ
ခြံအမှတ်(၅၁၅)/(မိခ)၊ ပြည်ရိပ်သာလမ်း၊ (ဓ)ရပ်ကွက်၊ ကမ္ဘာ့ကြီးမြို့နယ်
ဖုန်း - ၀၉-၅၀၅၇၇၃၃၊ ၀၉၉၅၅-၅၀၅၇၇၃၃၊ ၀၉၇၆-၅၀၅၇၇၃၃

ကန့်ကွက်နှိုင်းခြင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်မိန်းကျွန်းမြို့နယ်၊ ၈/တောင်ရပ်ကွက်၊ တိုက်အမှတ်(၉/၄)၊ အခန်း(၅/A)၊ ၅-ထပ်၊ စတေယန္တရားလမ်းမကြီး၊ (၁၈၃°၄၅′၅၃″အကျယ်ပိုင် ရေတိမ်ပြင်ဒေသါ ဂြိုဟ်အနှံ့)၊ တိုက်ခန်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဂ္ဂိုဠ်းစေ့ဒေသ ဝန်ထမ်းတ

အမည်ပြောင်း

လွှဲသဘောမြို့နယ်၊ (၄)ရပ်ကွက်နေ (၁၁)ဦးတင်အောင်ထွန်း(ခ)ဦးမြတ်မင်း၊ (၆)ခေါ်မြဲသားစီးယား ဖောင်အောင်ဆည်သူ (၁၂/ပဇော(နိုင်)၀၃၇၂၂၆)အား ဖောင်အောင်ဆိုး မျိုးခန့်ဟု ပြောင်းလဲခေါ်ဝါရန်။

မောင်အောင်မျိုးခန့်

ပြင်ဆင်ဖတ်ရှုပါရန်

၂-၆-၂၀၂၀ ရက် ကြေးမုံသတင်းစာကြေးငြာစာမျက်နှာ (၂၃)ပါ အထက်တန်းရွေးခန် ခေါ်နေးသိတ်မြင်၏ ကနဦးကိုင်းကြောင်း ကြေးငြာတွင် ၂၃-၇-၂၀၁၄ ရေနှစ်ပါအား (၂၃-၇-၂၀၁၄)ရေနှစ်ပါအား (၁၈-၁၀-၂၀၁၈)ရေနှစ်ပါဟု ပြင်ဆင်ဖတ်ရှုပါရန်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ မသင်းမြတ်နွယ်(၁၂/လကန(နိုင်) ၂၂၈၀၄၆၆)၏ မိခင်အမည်မှန်မှာ ခေါ်ရီရိုဖြင့် (၃)ရိုဖြင့်(၁၂/လကန (နိုင်) ၂၄၄၇၂)တို့ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖောင်စမိုး

Sr. #	Brand and model	Quantity (units)
Lot No. 1	Tongyada 35M³ Banana Cement Trailer	12
Lot No. 2	Huaxin 35M³ Twin Cone Cement Trailer	8
Lot No. 3	Gardner Denver XXIII Compressor	20

Yoma Fleet တွင်ဖော်ပြထားသောအသုံးပြုပြီး ပစ္စည်းများကိုတင်ဒါခန့်ဖြင့် ရောင်းချခန့်ခြင်းဖြစ်ပြီး ဝိဝိတို့ဂယ်ယူလိုသည့် Lot တစ်ခုလုံး (သို့) Lot တစ်ခုမှ အစီးရေကို မိမိ စိတ်ကြိုက်ခွဲယူ၍ နိုင်သည်။

တင်ဒါဝိတ်သည့်ရက်မွဲ ၂၀၂၀ ခုနှစ် ဇွန်လိုင်လ (၃)ရက်

တင်ဒါတင်ပြုယူရန် ဖောင်ကို ဤ link https://bit.ly/cstender01 တွင်ဖြည့်နိုင်သည်။

စိတ်ဝင်စားသူများသည် အမှတ် ၂၇၊ ယောအတွင်းဂင်ပြီးဖိုးလိုင်လမ်း၊ သိလဟဇိတ်မှုဇုံ ရန်ကုန်မြို့ သို့ လာရောက်ကြည့်ရှုနိုင်ပါသည်

ဆက်သွယ်ရန်ဖုန်း - 09 966 235 338

ပြောင်းရွှေ့ကိုယ်စားလှယ်သွဲ့စာအား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်ုပ်၏ဖိတ်ခေါ်ခြင်းဖြင့် ရန်ကုန်ဝိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အကလ ကျေးရွာအုပ်စု၊ မြောင်းတလုတ်ကျေးရွာနေ ဦးမျိုး(ခ) ဦးစိုလှ(၁၁) ဦးတင်ဝင်း(၁၂/တကန(နိုင်)၁၃၉၅၈၇၀)ကိုင်ဆောင်သူမှ ရန်ကုန်မြို့ ကြည့်မြင်တိုင်းမြို့နယ် သရက်တောတောင်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၄၂၂)နေ ဌေးဝလဲကမ္ဘွဲ့ဏီလီမိတက်၏ ဒါရိုက်တာ ခေါ်သွယ်သွယ်ဖိုင်(၁၁) ဦးသန်းလွင်(၁၂/ရရန(နိုင်)၀၁၀၀၉၉)ကိုင်ဆောင်သူအား ၂၀၁၇ ခုနှစ်၊ မတ်လက လွဲသဘဝဲခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာကို ဤကြော်ငြာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်သူနှင့်ကြားချက်အရ-
ဦးစုမိမြွေမိန်းသွင်(LL.B)
အထက်တန်းရွေ့နေ(စဉ်-၄၅၉၃၀)
အ.ထ.က ကျောင်းလမ်း၊ အုန်းပင်စုရပ်ကွက်၊ တွံတေးမြို့။

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ ပေါင်းလောင်း(၂)၊ မြေကွက် အမှတ်(၄၃၇၀)၊ အလျား(၆၀)x၀ခန် (၃၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧက ကျယ်ဝန်းသော ခေါ်ပန်းဖြေးဖြေးအမည်ဖြင့် နှစ်(၃၀)ဂရန်မြေကွက်အား ကျွန်ုပ်၏ဖိတ်ခေါ်ခြင်းဖြင့် အပြီးအပိုင် ဝယ်ယူရန်သဘောတူပြီး (၂၄-၆-၂၀၂၀)ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသပေး ချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် ဆက်လက်ရောင်းချခြင်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ တရားဝင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကိစ္စရပ်များကို ဥပဒေနှင့် အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်သူနှင့်ကြားချက်အရ-
ဦးနန်းထိုက်ဦး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၀၄၀၀၉/၁၇)
